# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်

## မြန်မာစာပေလောကသည် ရှည်လျားသည့် မြန်မာ့သမိုင်းကြောင်းအဆက်ဆက်တွင် ထွန်းပြောင်ခိုင်မြဲခဲ့ပြီး နိုင်ငံနှင့်ပြည်သူကို အစဉ်ထာဝရ အကျိုးပြုလျက်ရှိ စာဆိုတော်တို့၏ ကလောင်သွားများသည် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ စစ်မှန်သည့် ခွန်အားများဖြစ်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၃

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➲*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရရှိသူ စာပေပညာရှင် ဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) အား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။


ယနေ့ ဖတ်စရာ

မြန်မာအပေါ် စွပ်စွဲပုတ်ခတ်ခြင်းဖြင့် သင်တို့ အချိန်မကုန်ပါစေနှင့် — ဆောင်းပါး — စာ ၈

စာများများ ဖတ်ပါ၊ စာများများရေးပါ၊ ရေးတဲ့စာတွေ မှန်သမျှ တိုင်းပြည်ကို အကျိုးပြုတဲ့၊ လူငယ်အကျိုးပြုတဲ့ စာတွေဖြစ်ရင် ပိုပြီးတော့ ရေးရကျိုးနပ်တာပေါ့၊ အဲဒီလိုပဲဖြစ်စေချင်တယ် — တွေ့ဆုံမေးမြန်း — စာ ၁၄

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ — စီးပွားရေးသတင်းများ — စာ ၁၇

မြန်မာ့အလင်း

## ဥပဒ်ရန်ဘေးကင်းစင်ဝေး၍ ငြိမ်းအေးနိုင်ကြပါစေကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် တွေ့ဆုံခဲ့သည့် သတင်းကို နိုင်ငံပိုင်မီဒီယာများတွင် မိမိတို့တွေ့မြင်ဖတ်ရှုသိရှိခဲ့ကြရပြီးဖြစ်သည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် အောက်တိုဘာလ ၂၇ ရက်မှစ၍ MNDAA ၊ TNLA ၊ AA အဖွဲ့တို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ ၎င်းတို့နေထိုင်ရာ မြို့ရွာများကို စွန့်ခွာတိမ်းရှောင်ခဲ့ကြရသည်။

အိုးပစ်၊ အိမ်ပစ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုပါ ပစ်၍ လားရှိုးမြို့ပေါ်ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဘာသာရေးကျောင်း၊ ရုံး၊ အဆောက်အအုံများတွင် ယာယီခိုလှုံနေထိုင်ကြရသည်။ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စု ၁၄၀၀ ကျော် လူဦးရေ ၅၀၀၀ ခန့်ကို စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာများ အဆင်ပြေစေရန် အစိုးရ၊ တပ်မတော်တို့က ဦးဆောင်၍ ဖြည့်ဆည်းပေးနေရသည်။ နေရပ်ကို စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူတို့မှာ မိမိတို့ ရပ်ရွာဒေသများတွင် အေးအေးချမ်းချမ်း စီးပွားရှာနေလိုသူများဖြစ်ကြပြီး ပစ်ခတ်တိုက်ခိုက်မှုများ၊ အကြမ်းဖက်မှုများဖြစ်ပေါ်လာသည်ကို လက်မခံရှုတ်ချကြသူများဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးမှုအပေါ် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် အားကိုးအားထားပြုကြသည်ကိုလည်း တွေ့ရသည်။

ယာယီနေရပ်စွန့်ခွာသူပြည်သူများမှာ ၎င်းတို့ရောက်ရှိခိုလှုံနေရာမြို့ပေါ်တွင် အခက်အခဲအကျပ်အတည်းအချို့ ရှိသော်လည်း မြို့ခံလူမှုအဖွဲ့အစည်းများက ကူညီဖြေရှင်းပေးနေမှုကြောင့် ပူပန်ရမှုမရှိကြောင်း၊ ၎င်းတို့၏ အဓိကစိုးရိမ်ပူပန်မှုမှာ ရင်သွေးသားသမီးများ၏ ပညာရေးထိခိုက်နစ်နာမှု ဖြစ်ပေါ်လာမည်ကိုသာ ဖြစ်ကြောင်း သိရသည်။ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ယွင်းသွားခြင်းက ဒေသတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများနှင့်တကွ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အဘက်ဘက်မှ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ရာတွင် ကလေးငယ်များ၏ အနာဂတ်ဘဝကိုပါ နစ်နာဆုံးရှုံးမှုဖြစ်စေသည်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်စဉ်တွင် တွေ့မြင်နိုင်သလို ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒနှင့်ခံစားချက် အစစ်အမှန်ကိုပါ တွေ့မြင်နိုင်သည်။

သို့ရာတွင် တိုင်းရင်းသားပြည်သူလူထု၏ တည်ငြိမ်အေးချမ်းစွာနေလိုမှု၊ သားသမီးများ၏အနာဂတ်အတွက် အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားစေလိုမှုတို့နှင့် ဆန့်ကျင်စွာပင် တိုက်ပွဲများရပ်တန့်သွားမည်ကို စိုးရိမ်သူ၊ ငြိမ်းချမ်းသွားမည်ကို မလိုလားသူများ ရှိနေကြသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအတွင်း ဆူပူသောင်းကျန်းနေမှ၊ အကြမ်းဖက်တိုက်ခိုက်နေမှ ဝင်ငွေရမည့်အနောက်နိုင်ငံအားပေး မီဒီယာများ၊ အကြမ်းဖက်အဖွဲ့ဒေါက်တိုင်မီဒီယာများပင်ဖြစ်ပြီး ၎င်းတို့၏လိုလားချက်မှာ မြန်မာနိုင်ငံ၏မည်သည့်ဒေသတွင်မဆို ပစ်ခတ်တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပေါ်နေစေရေးနှင့် ဒေသခံပြည်သူများနေရပ်စွန့်ခွာထွက်ပြေး အတိဒုက္ခရောက်နေရေးပင်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်နေစေရန်အတွက် သတင်းလိမ်သတင်းမှားများနှင့်အတူ သွေးထိုးလှုံ့ဆော် ရန်တိုက်မှုများကိုပါ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ ပြုလုပ်နေခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်၌ တွေ့ဆုံရာတွင် ၎င်းတို့၏နေရပ်များတွင် အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ ဒေသများသို့ ပြန်လည်ရောက်ရှိချိန်တွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရနှင့်တပ်မတော်မှ လိုအပ်သည်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးပြောကြားချက်များသည် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လိုအင်ဆန္ဒနှင့် တစ်ထပ်တည်းတူညီသည့်အပြင် ကလေးငယ်များ ပညာသင်ကြားမှုမပျက်စေရေးအတွက် မျှော်လင့်ချက်လည်းဖြစ်သည့်အားလျော်စွာ အမြန်ဆုံးပြည့်ဝနိုင်ကြပါစေကြောင်း။ ။




## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## စက်သုံးဆီအရောင်းဆိုင်အများစုတွင် ဆီတန်းစီဝယ်ယူသူအရေအတွက်မှာ သိသိသာသာလျော့ပါးသွားပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

စက်သုံးဆီအရောင်းဆိုင်အများစုတွင် ဆီတန်းစီ ဝယ်ယူသူအရေအတွက်မှာ သိသိသာသာ လျော့ပါးသွားပြီဖြစ်ကာ မိမိဝယ်ယူလိုသည့် ပမာဏဝယ်ယူရရှိနေပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

လက်ရှိ စက်သုံးဆီအရောင်းဆိုင်အများစုတွင် တန်းစီဝယ်ယူသည့်ကားအစီးရေသည် လေးစီး၊ ငါးစီးခန့်သာ ရှိတော့ကြောင်းလည်း မေးမြန်းချက်များအရ သိရသည်။

"စက်သုံးဆီတန်းစီရတာတော့ သိပ်မရှိတော့ပါဘူး။ တချို့ဆိုင်တွေဆို ကားလေးစီး၊ ငါးစီးလောက်နဲ့ပုံမှန်အတိုင်းပြန်ဖြစ်နေပါပြီ။ တချို့ဆိုင်တွေမှာတော့ တန်းစီနေတဲ့ကားအစီးရေတချို့ ရှိနေသေးတယ်" ဟု ဒီဇင်ဘာ ၁၃ ရက်တွင် ကားဆီဖြည့်ခဲ့သူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

### ဝယ်ယူလိုသည့်ပမာဏရရှိ

မိမိဝယ်ယူလိုသည့် စက်သုံးဆီပမာဏကို ဝယ်ယူရရှိနေပြီဖြစ်ကြောင်း အငှားယာဉ်မောင်း တစ်ဦးဖြစ်သူ ကိုလင်းအောင်က ဆိုသည်။

"ဆီတန်းစီခဲ့ရတဲ့ကာလကဆို ကားအစီးရေ ၁၀၀ လောက်အထိ တန်းစီတာတွေ ရှိခဲ့တယ်။ အခုကျတော့ တန်းစီရတာတွေသိပ်မရှိတော့ပဲ ကိုယ်လိုသလောက် ဖြည့်လို့ရတယ်။ ပုံးနဲ့ကတော့ မရောင်းဘူး။ ကျွန်တော်တို့ အငှားယာဉ်သမားတွေအတွက်လမ်းကြောင်းများများ ဆွဲလို့ရတာပေါ့။ ပိုပြီးအဆင်ပြေသွားတယ်" ဟု ၎င်းက ဆိုသည်။

ဒီဇင်ဘာ ၁၂ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် စက်သုံးဆီသိုလှောင်ထားမှုအခြေအနေနှင့် ဆီသယ်ယာဉ်များပေါ်သို့ စက်သုံးဆီဖြည့်တင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ပြီး ဆီသိုလှောင်ကန်မှ ဆီသယ်ယာဉ်များအပေါ်သို့ ဆီဖြည့်သွင်းသည့်စနစ် အားနည်းချက်မရှိရေး၊ အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ ထွက်ခွာခြင်းနှင့် ဆိုင်အရောက် မြန်ဆန်ရေး စနစ်သည်အကောင်းဆုံးဖြစ်၍ ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အများပြည်သူခရီးသွားလာမှုနှင့် အထွေထွေလုပ်ငန်းကိစ္စရပ်များ လုံလောက်စွာသုံးစွဲနိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိစက်သုံးဆီအရောင်းဆိုင်များသို့ ဒီဇင်ဘာ ၁၁ ရက်တွင် 92 Ron ဂါလန် ခြောက်သိန်းကျော်၊ 95 Ron ဂါလန် လေးသိန်းကျော်၊ ဒီဇယ်ဆီ ဂါလန် လေးသိန်းကျော်၊ ပရီမီယမ် ဒီဇယ်ဆီ ဂါလန် ငါးသိန်းကျော် စုစုပေါင်း စက်သုံးဆီ ဂါလန် နှစ်သန်းခန့် ဖြန့်ဖြူးခဲ့သဖြင့် ယခင်ထက် သုံးဆခန့် ပိုမိုဖြန့်ဖြူးပေးခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ထားသည်။

### ဆီပြတ်လပ်နိုင်သည့်အခြေအနေမရှိ

လက်ရှိ ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ မှာယူထားသည့် စက်သုံးဆီ စဉ်ဆက်မပြတ် ဝင်ရောက်နေမှုကြောင့် နိုင်ငံအတွင်း စက်သုံးဆီပြတ်လပ်နိုင်သည့်အခြေအနေမရှိသဖြင့် အများပြည်သူများအနေဖြင့် စိုးရိမ်စရာမလိုဘဲ စက်သုံးဆီများကို မိမိတို့လိုအပ်သလောက် စိတ်အေးချမ်းစွာ ဝယ်ယူသုံးစွဲနိုင်မည်ဟုလည်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

စက်သုံးဆီ အမှန်တကယ်လိုအပ်သည့် အများပြည်သူများ လွယ်ကူလျင်မြန် အချိန်ကုန်သက်သာစွာဖြင့် လိုအပ်သည့် မည်သည့် စက်သုံးဆီအမျိုးအစားကိုမဆို နေရာမရွေး၊ အချိန်မရွေး ပုံမှန်လိုအပ်သည့် ပမာဏအတိုင်း ဝယ်ယူရရှိနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီအရောင်းဆိုင်များတွင် အကြိမ်ကြိမ်တန်းစီဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် တရားမဝင်သိုလှောင်ရောင်းချခြင်းများကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။ MT

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

❍ *ရှေ့ဖုံးမှ*

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ" စာပေဆုနှင်းသဘင် ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "စာပေစွမ်းအား ကလောင်အားဖြင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

**အလွန်အဖိုးအနဂ္ဃထိုက်တန်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် "ဟေမန္တရတု" ဟု ခေါ်တွင်ခဲ့ကြသည့် ယခုနတ်တော်လရာသီသည် ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏ အနှစ်သာရ၊ အဆီအနှစ်များကို ပြန်လည်လှစ်ဟဖော်ကျူး ဂုဏ်ပြုကြသည့် ကာလလည်းဖြစ်ပါကြောင်း၊ စာဆိုတော်များ၏ စေတနာကောင်းများမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် စာပေအဖူးအပွင့်များသည် လေ့လာ၍မကုန်နိုင်အောင် များပြားလွန်းလှပါကြောင်း၊ ယနေ့နိုင်ငံ ဖွံ့ဖြိုးမှုရလဒ်များသည် စာပေကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးရရှိခဲ့သော သက်သေများပင်ဖြစ်ပါကြောင်း၊ စာပေကပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည်လည်း အလွန်အဖိုးအနဂ္ဃ ထိုက်တန်ပါကြောင်း၊ ထို့ကြောင့် လူသားများအတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကို ပေးစွမ်းသည့်စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့ အခမ်းအနားများကို ကျင်းပကြခြင်းပင်ဖြစ်ပါကြောင်း။

**ဆက်သွယ်ရေးကြားခံတစ်ခုလည်းဖြစ်**

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာနယ်ပယ်များဖြာထွက်ရာ ပင်ရင်းနယ်ပယ်ကြီးဖြစ်သည့်အတွက် အမျိုးသားယဉ်ကျေးမှုအစုစုတို့ ပုံရိပ်ထင်ရာ အရင်းအမြစ်လည်းဖြစ်ပါကြောင်း၊ မြန်မာ့သမိုင်း၊ မြန်မာ့စိတ်ထားတို့ကို နိုင်ငံတကာသိအောင် ဖော်ပြနိုင်သည့် ဆက်သွယ်ရေးကြားခံတစ်ခုလည်း ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



**စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ခဲ့**

မြန်မာစာပေလောကသည် ရှည်လျားသည့် မြန်မာ့သမိုင်းကြောင်း အဆက်ဆက်တွင် ထွန်းပြောင်ခိုင်မြဲခဲ့ပြီး နိုင်ငံနှင့်ပြည်သူကို အစဉ်ထာဝရ အကျိုးပြုလျက်ရှိပါကြောင်း၊ စာဆိုတော်တို့၏ ကလောင်သွားများသည် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ စစ်မှန်သည့် ခွန်အားများဖြစ်ခဲ့ပါကြောင်း၊ စာဆိုတော်များသည် တိုင်းချစ်ပြည်ချစ်စိတ် ရှိစေရန်၊ ဓာတ်သွေးဓာတ်မာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ခဲ့ကြပါကြောင်း။

ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမပျို့ကဗျာတွင် "**စာပေဝတ္ထု ရတုကဗျာ ပျို့လင်္ကာနှင့် သာသည့်သီချင်း အဲစောင်းငြင်းကို၊ မကင်းမပြတ် ဖတ်ရွတ်လေ့ကျက် တီးမှုတ်လျက်သာ နေကောင်းစွာ၏**" ဆိုသကဲ့သို့

*စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ" စာပေဆုနှင်းသဘင် ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# စာဆိုတော်များသည် တိုင်းချစ်ပြည်ချစ်စိတ် ရှိစေရန်၊ ဇာတိသွေး ဇာတိမာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ခေတ်အဆက်ဆက် စာဆိုတော်ကြီးများ၏ စာပေလက်ရာများသည် ဖတ်ရှုလေ့လာသူတို့အတွက် အမြဲအဖိုးတန် အကျိုးရှိနေသည့် အမွေအနှစ်များပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာ ဗဟုသုတ တိုးပွားရန်အတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **“စာပေဗိမာန် ကာလပေါ် ဝတ္ထုဆု”** ကို စတင်ချီးမြှင့်ခဲ့ပါကြောင်း။

**“ စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာနယ်ပယ်များ ဖြာထွက်ရာ ပင်ရင်းနယ်ပယ်ကြီးဖြစ်သည့်အတွက် အမျိုးသားယဉ်ကျေးမှုအစုစုတို့ ပုံရိပ်ထင်ရာ အရင်းအမြစ်လည်းဖြစ်၊ မြန်မာ့သမိုင်း၊ မြန်မာ့စိတ်ထားတို့ကို နိုင်ငံတကာသိအောင် ဖော်ပြနိုင်သည့် ဆက်သွယ်ရေးကြားခံတစ်ခုလည်းဖြစ် ”**

**ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့**

**“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”** ကို **‘စာပေဗိမာန်ဆု’**၊ **‘အနုပညာဆိုင်ရာ စာပေဆု’**၊ **‘အမျိုးသား စာပေဆု’** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အထိဆိုပါက နှစ်ပေါင်း ၇၅ နှစ် စိန်ရတုကာလတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဘာသာရပ်များကိုလည်း တိုးမြှင့်သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ အမျိုးသား စာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးနှင့် **‘စာပေဗိမာန်စာမူဆု’** တွင် ဘာသာရပ် ၁၃ မျိုး အထိ ဆုချီးမြှင့်ပေးလျက်ရှိပါကြောင်း။

**အဆင့်သုံးဆင့်ဖြင့် ပညာရှင်များကစိစစ်ရွေးချယ်**

ထို့ပြင်နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြသည့်၊ တစ်သက်တာလုံး စာပေကို တစိုက်မတ်မတ်အားထုတ်ရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကိုလည်း အသိအမှတ်ပြုသည့် အနေဖြင့် **“အမျိုးသားစာပေ တစ်သက်တာဆု”** ကို ၂၀၁၁ ခုနှစ်မှစပြီး နှစ်စဉ်ချီးမြှင့် ပေးအပ်လျက်ရှိပါကြောင်း၊ စာပေပညာရှင်များကို ချီးမြှင့်သည့် ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့ပါကြောင်း၊ အမှန်တကယ် ထိုက်တန်သော စာအုပ်၊ စာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဟူ၍ အဆင့်သုံးဆင့်ဖြင့် ပညာရှင်များက စိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရပါကြောင်း။

၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆု ရရှိသူ စာပေပညာရှင် ဆရာကြီး ဒေါက်တာ ထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ) အား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆု ရရှိသူ စာပေပညာရှင် ဆရာကြီး ဒေါက်တာ ချစ်စံ (ချစ်စံဝင်း) အား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရရှိသူ စာပေပညာရှင်ဆရာကြီး ဒေါက်တာ သန်းဦး (ပြည်စိုးမင်း) ကိုယ်စား သန်းဦးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအေးကြိုင် အား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမျိုးသားစာပေဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားစာပေဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုးကို စိစစ်ရွေးချယ်ခဲ့နိုင်ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုထဲမှ ဘာသာရပ် ၁၃ မျိုးစလုံးအတွက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၉ ခုကို ရွေးချယ်ခဲ့ပြီး ဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

**မွေ့လျော်ရာစာပေနယ်ကို တိုးဝင်ရန်ကြိုးပမ်းလာ**

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်တို့ ပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်ဖြင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများ နားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင် နိုင်ငံသိစာရေးဆရာကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်သားများ၊ အငြိမ်းစားဝန်ထမ်းများ ပါဝင်ကြသကဲ့သို့ ဝါသနာကိုအရင်းတည်ပြီး မွေ့လျော်ရာ စာပေနယ်ကို တိုးဝင်ရန် ကြိုးပမ်းလာကြသည့် စာပေဝါသနာရှင်များ ပါဝင်ကြသည်ကို တွေ့ရသည့်အတွက် လွန်စွာ ကျေနပ်အားရမိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**အရေအတွက်တိုး၍ချီးမြှင့်လာခဲ့**

အမျိုးသားစာပေ တစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုး၍ ချီးမြှင့်လာခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီးလေးဦးအထိ ချီးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားစာပေ တစ်သက်တာဆုချီးမြှင့်ခံရသည့် ဆရာ၊ ဆရာမကြီးတို့အားလုံးသည် ပညာဂုဏ်ရည်၊ *စာမျက်နှာ ၆ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

စာပေဂုဏ်ရည်များ ပြည့်ဝကြသည့် ပညာရှင်ကြီးများ ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာ သန်းဦး ဆိုပါက မြန်မာနိုင်ငံပညာရေးလောက၏ ဦးသျှောင် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးလောက ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုအသက် ၉၆ နှစ်တိုင် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်နေဆဲ ပညာရှင်ကြီးဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာချစ်စံ ဆိုပါကလည်း မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေသုတေသနလုပ်ငန်းများကို အစဉ်တစိုက် ရေးသားပြုစု ဟောပြောပေးခဲ့သည့် စာပေပညာရှင်ကြီးဖြစ်ပါကြောင်း၊ ဆရာမကြီး ဒေါ်ကြူကြူသင်း ဆိုပါကလည်း ရသစာပေကို တစိုက်မတ်မတ် ရေးသားပြုစုခဲ့ပြီး မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် စာရေးဆရာမကြီး ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာထွန်းတင့် ဆိုပါကလည်း မြန်မာစာ၊ မြန်မာဘာသာစကားနယ်ပယ် ဖွံ့ဖြိုးတည်တံ့အောင် အစဉ်အဆက် ရေးသားပြုစုဖြန့်ဝေပေးခဲ့သည့် ပညာရှင်ကြီးဖြစ်ပါကြောင်း၊ အဆိုပါ ပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုပါကြောင်း။ *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်၊ စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

### ပညာနှင့်တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရန် အထူးအရေးကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူနိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရန် အထူးအရေးကြီးလှပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံး နေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့ပါကြောင်း၊ ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ အဆိုပါလိုအပ်ချက်များကို ပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများ တိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကို ဖတ်ရှုလေ့လာကြရန် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်မှ စာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင် မေတ္တာရပ်ခံလိုပါကြောင်း။

### နိုင်ငံသားအားလုံး၏တာဝန်ဖြစ်

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံ ဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်ပါကြောင်း၊ စာပေသည်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေး စိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ **“ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးပျောက်မည်”** ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်း လိုက်နာပြီး ဒီယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်အောင် စာပေစေတနာအပြည့်အဝနှင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပြီး နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များ ဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။

❑ **၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုးကို စိစစ်ရွေးချယ်ခဲ့နိုင်ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုထဲမှ ဘာသာရပ် ၁၃ မျိုးစလုံးအတွက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၉ ခုကို ရွေးချယ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာချစ်စံ (ချစ်စံဝင်း)၊ စာပေပညာရှင် ဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း) ကိုယ်စား သန်းဦးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအေးကြိုင်တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆု ရရှိသူများနှင့် စာပေဗိမာန်စာမူဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာ ထွန်းတင့် (မြန်မာစာ) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း) က ပေးပို့သည့် ကျေးဇူးတင်လွှာကို အခမ်းအနားမှူးက ဖတ်ကြားတင်ပြသည်။

### သီဆိုကပြဖျော်ဖြေ

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက စာပေဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေလယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအပေါ် စွပ်စွဲပုတ်ခတ်ခြင်းဖြင့် သင်တို့ အချိန်မကုန်ပါစေနှင့်

ကနေဒင်

**❑ အရှေ့တီမောလို့ မြန်မာပြည်သူတွေ ခေါ်ဆိုကြတဲ့ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရဟာ အခုမှ မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပုတ်ခတ်တာ မဟုတ်ပါဘူး။ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမယ့် လုပ်ရပ်တွေဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုတွေကို အားပေးအားမြှောက်ပြုတာ၊ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်း NUG နဲ့ ထိတွေ့ဆက်ဆံတာတွေကို ဆက်တိုက်လုပ်ဆောင်ခဲ့သလို မဟုတ်မမှန် စွပ်စွဲပုတ်ခတ်မှုတွေကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပြုလုပ်ခဲ့ပါသေးတယ်**

**❍ တီမောက လက်ရှိမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ပေါ်လာစေဖို့အတွက် ဒီမိုကရေစီအရေးတက်ကြွတဲ့ နိုင်ငံတစ်ခုအဖြစ် အသံကုန်ဟစ်ရင်း နေရာရယူဖို့ ကြိုးပမ်းနေတာကိုလည်း တွေ့ရှိရပါတယ်။ တီမောအနေနဲ့ မိမိတို့မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို အလုံးစုံမသိ၊ သိအောင်လည်း မကြိုးပမ်းဘဲ ဝေဖန်နေခြင်းထက် တီမောလက်စ်တေရဲ့ အနာဂတ်အတွက် စီးပွားရေးတိုးတက်မြင့်မားဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖော်ဆောင်ပေးနိုင်ဖို့နဲ့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်မြောက်မှုနှုန်း မြင့်တက်လာဖို့ အစရှိတာတွေကို တွေးတောကြံဆနေသင့်တယ်လို့ ထင်ပါတယ်**

မျက်မှောက်ခေတ် နိုင်ငံတကာ မျက်နှာစာတွေမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စတဲ့ခေါင်းစဉ်တွေနဲ့ စွပ်စွဲမှုအမျိုးမျိုး အသုံးပြုလို့ နိုင်ငံနဲ့လူမျိုးပုံရိပ်တွေကို ဆိုးရွားအောင် ပုံဖော်ကြတာ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတွေရဲ့ ပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်ခြယ်လှယ်ဖို့ အားထုတ်နေကြတာတွေကို စိတ်ပျက်ဖွယ် မြင်တွေ့နေရပါတယ်။

အထူးသဖြင့် ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှရဲ့ အရေးပါတဲ့နေရာမှာ တည်ရှိနေတဲ့ မိမိတို့နိုင်ငံကို အကြောင်းရှာ ပုတ်ခတ်မှုတွေက တစ်နေ့တစ်မျိုးမရိုးရအောင် မြင်တွေ့နေရပါတယ်။ ကာကွယ်ရေးအင်အားစုတွေဖြစ်တဲ့ တပ်မတော်နဲ့ ပြည်သူလူထုတွေ၊ တိုင်းရင်းသားလူမျိုးစုတွေအကြား အမုန်းတရားတွေ ဖြစ်ပေါ်စေဖို့၊ ရန်မီးပွားသည်ထက်ပွားအောင်၊ တည်ငြိမ်မှုပျက်ပြားသည်ထက် ပျက်ပြားအောင်၊ ဖွံ့ဖြိုးမှုနောက်ကျသည်ထက် နောက်ကျအောင် ပုံဖော်ကြိုးပမ်းနေကြတာက အထင်အရှားပါပဲ။

**မမှန်ကန်တဲ့ စွပ်စွဲချက်တွေ**

ဒီဇင်ဘာ ၉ ရက်နေ့မှာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ NUG က အွန်လိုင်းကနေ ရုပ်သံတစ်ခုကို လွှင့်တင်ထားပါတယ်။ တီမောလက်စ်တေနိုင်ငံ သမ္မတဂျိုဆေးရာမို့စ်ဟော်တာပြောကြားထားတဲ့ ရုပ်သံဖိုင်တစ်ခုဖြစ်ပြီး သူက မြန်မာနိုင်ငံနဲ့ပတ်သက်လို့ တိုက်ရိုက်ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်ပြောကြားထားတာကို အဆိုပါရုပ်သံဖိုင်အတွင်း တွေ့ရှိခဲ့ရပါတယ်။

အရှေ့တီမောသမ္မတက သူ့ရဲ့ ရုပ်သံဖိုင်မှာ မြန်မာ့တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေကို ဖိနှိပ်နေတယ်၊ အပြစ်မဲ့တဲ့ကလေးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကျောင်းဆရာ၊ ဆရာမတွေ၊ ဘဏ္ဍာဝန်ထမ်းတွေနဲ့ လယ်သမားတွေကို သတ်ဖြတ်နေတယ်လို့ စွပ်စွဲပုတ်ခတ်ထားတာကို မြင်တွေ့ရတဲ့အခါ နိုင်ငံဦးဆောင်နေရတဲ့ သမ္မတတစ်ဦးအနေနဲ့ အခြားနိုင်ငံတစ်နိုင်ငံအကြောင်း တိတိပပစေ့ငုခြင်းမရှိ အခုလို ဝေဖန်ပုတ်ခတ်နိုင်တာကို နိုင်ငံသားတစ်ဦးအနေနဲ့ အတော်လေး အံ့အားသင့်မိပါတယ်။

မိမိတို့နိုင်ငံမှာ အကြမ်းဖက်အဖွဲ့အစည်း CRPH, NUG တို့ရဲ့ မြှောက်ပင့်ပေးမှုနဲ့ အကြမ်းဖက် PDF အဖွဲ့တွေကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးရတာ၊ ဝန်ထမ်းတွေ CDM မလုပ်တဲ့အခါ ရက်ရက်စက်စက် သတ်ဖြတ်ခံရတာ၊ ဆရာဝန်တွေကို ဆေးမကုနိုင်အောင် တားဆီးတာ၊ ကျောင်းသားတွေ စာသင်ကျောင်းတွေဆီ မသွားရဲအောင် တားဆီးခြိမ်းခြောက်တာ၊ အပြစ်မဲ့ပြည်သူတွေကို ဒလန်လို့ စွပ်စွဲညှဉ်းပန်း သတ်ဖြတ်တာ၊ အများပြည်သူ သွားလာနေတဲ့လမ်းတွေ၊ တံတားတွေ ဖျက်ဆီးခံရတာ၊ ယုတ်စွအဆုံး နိုင်ငံတစ်ဝန်းက သံဃာတော်တွေ၊ ပညာသင်ကြားပေးနေကြတဲ့ ဆရာ၊ ဆရာမတွေကို လူမဆန် သတ်ဖြတ်တာ၊ ဖမ်းဆီးခေါ်ဆောင်တာတွေ အားလုံး အသိပဲဖြစ်ပါတယ်။ အဲဒီလို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကာကွယ်တားဆီးပြီးပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို အကာအကွယ်ပေးနေတဲ့ ပြည်သူ့ဝန်ထမ်း တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို အရှေ့တီမောသမ္မတက ပြောင်းပြန်စွပ်စွဲပုတ်ခတ်ထားတာပါ။

သူ့အနေနဲ့ မြန်မာနိုင်ငံရေးကို အရှေ့တောင်အာရှနိုင်ငံတွေအတွင်းမှာ အတွင်းကျကျ သိရှိထားပြီးသူတစ်ဦးအဖြစ် ကိုယ်ရည်သွေး ပြောဆိုထားပေမယ့် မိမိတို့နိုင်ငံရဲ့ တကယ့်သတင်းအချက်အလက်အမှန်တွေကို မသိရှိဘဲ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ မဟုတ်မမှန် လီဆယ်စကားတွေကိုသာ ယုံကြည်လက်ခံပေးနေတယ်ဆိုတာ သူ့ပြောစကားအရ ခန့်မှန်းရပါတယ်။

လက်ရှိ နိုင်ငံရေးအပြောင်းအလဲဘာကြောင့် ဖြစ်ပေါ်ခဲ့ရတယ်ဆိုတာကိုတော့ သူ့ရုပ်သံဖိုင်အတွင်း ထည့်သွင်းပြောကြားထားတာ မတွေ့ရှိရပါဘူး။ မဲမသမာမှုတွေနဲ့ ဒီမိုကရေစီကို ခုတုံးလုပ်အသုံးချသူတွေကြောင့် တိုင်းပြည်အတွက် ဒီမိုကရေစီလမ်းကြောင်းလွဲခဲ့ရတာ၊ တပ်မတော်က နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့နဲ့ မှန်ကန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိအောင် တည့်မတ်လျက်ရှိတဲ့ အနေအထား၊ လက်ရှိပြည်တွင်းပဋိပက္ခတွေအပေါ် ကိုင်တွယ်ဖြေရှင်းပေးနေတဲ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လုပ်ဆောင်ချက်တွေကို လျစ်လျူရှု ဝေဖန်တိုက်ခိုက်မှုသက်သက်လို့သာ ဆိုရမှာဖြစ်ပါတယ်။

**ဥပဒေအတိုင်းသာ**

ရုပ်သံဖိုင်အတွင်းမှာ တီမောသမ္မတက မြန်မာလက်နက်ကိုင်တပ်ဖွဲ့တွေအနေနဲ့ စစ်ပွဲတွေ ဆက်မတိုက်ကြဖို့၊ ပြည်သူတွေကို မတိုက်ကြဖို့၊ လမ်းပေါ်ထွက်ရင် လက်နက်တွေ ယူမသွားကြဖို့နဲ့ ကလေးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ၊ အနုပညာရှင်တွေ၊ စီးပွားရေးသမားတွေ၊ ပညာရှင်တွေ၊ သတင်းထောက်တွေကို ထောင်သွင်းအကျဉ်းချတာ၊ သတ်ဖြတ်တာတွေ မလုပ်ကြတော့ဖို့ဆိုပြီး တိုက်တွန်းထားတာကလည်း လက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေကိုမသိဘဲ ရမ်းသန်းပြောဆိုနေတယ်ဆိုတာ အထင်အရှား ပေါ်လွင်နေပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ လက်ရှိအစိုးရအနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ အခွင့်အာဏာတွေကို အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိပါတယ်။ နိုင်ငံသားတိုင်းက တရားဥပဒေနဲ့အညီ တန်းတူအခွင့်အရေးများရရှိပြီး အခြေခံလူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်တွေကိုလည်း တန်းတူရရှိတဲ့နိုင်ငံဖြစ်ပါတယ်။ အပြစ်မဲ့ပြည်သူတွေကို တရားဥပဒေက အပြည့်အဝ ကာကွယ်ပေးထားသလို မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်က လွတ်လပ်မှုရှိပြီး ပြည်ထောင်စုအတွင်းက မှီတင်းနေထိုင်သူအားလုံးကို သာတူညီမျှရှိတဲ့ ဥပဒေတွေကို ကျင့်သုံးဆောင်ရွက်နေတာဖြစ်ပါတယ်။

**အရှေ့တီမောလို့မြန်မာပြည်သူတွေ ခေါ်ဆိုကြတဲ့ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရဟာ အခုမှ မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပုတ်ခတ်တာ မဟုတ်ပါဘူး။ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမယ့် လုပ်ရပ်တွေဖြစ်တဲ့ မြန်မာနိုင်ငံ**အတွင်း အကြမ်းဖက်မှုတွေကို အားပေးအားမြှောက်ပြုတာ၊ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်း NUG နဲ့ ထိတွေ့ဆက်ဆံတာတွေကို ဆက်တိုက်လုပ်ဆောင်ခဲ့သလို မဟုတ်မမှန် စွပ်စွဲပုတ်ခတ်မှုတွေကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပြုလုပ်ခဲ့ပါသေးတယ်။

**သံတမန်များဖယ်ရှားထွက်ခွာ**

ဒါကြောင့် မြန်မာအစိုးရက သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနဲ့ မကိုက်ညီတဲ့ တီမောလက်စ်တေအစိုးရရဲ့ပြောကြားချက်နဲ့ လုပ်ဆောင်ချက်တွေကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့တာ၊ သတိပေးခဲ့တာတွေ ပြုလုပ်ခဲ့သည့်တိုင် မရပ်တန့်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအတွင်းက သံရုံးယာယီတာဝန်ခံကိုလည်း ယခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ မြန်မာနိုင်ငံကနေ ထွက်ခွာခဲ့ဖို့ သံတမန်စာနဲ့ အကြောင်းကြားထွက်ခွာစေခဲ့ပါတယ်။

ယခုအကြိမ်မှာလည်း တီမောလက်စ်တေသမ္မတရဲ့ အဆင်ခြင်မဲ့တဲ့ လုပ်ရပ်နဲ့ အပြောအဆိုတွေက နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေနိုင်တဲ့အပြင် အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုရာရောက်ပြီး အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရ၊ အစိုးရနဲ့ ပုဂ္ဂလိကပိုင် အဆောက်အဦတွေ၊ ပစ္စည်းတွေကို ပျက်စီးစေခဲ့တဲ့ မတရားအသင်းနဲ့ အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ဆက်လက်ကျူးလွန်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို မျက်ကွယ်ပြုရာရောက်တဲ့အပြင် တီမောအနေနဲ့ မြန်မာ့ပြည်တွင်းရေးကို ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်တယ်၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးလာတယ်လို့ မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ရှုမြင်စိတ်ပျက်မိပါတယ်။

**ကိုယ်တိုင်သည်ပင် ရုန်းကန်နေရဆဲ**

ဆက်စပ်ပြီး စာရေးသူအနေနဲ့ တီမောလက်စ်တေနိုင်ငံအကြောင်းကို လေ့လာသုံးသပ်ကြည့်တဲ့အခါ ၁၄၀၀၀ စတုရန်းမိုင်ကျယ်ဝန်းတဲ့ အရှေ့တီမောဟာ ၁၆ ရာစုကတည်းက တိုင်းတစ်ပါးနိုင်ငံတွေလက်အောက် ကျရောက်ခဲ့ပြီး နှစ်ပေါင်း ၄၀၀ လောက်အကြာ ၂၀၀၂ ခုနှစ်မှသာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ရောက်ရှိလာနိုင်ခဲ့ပါတယ်။ ကိုလိုနီလက်အောက်ခံဘဝ ရုန်းရင်းဆန်ခတ်မှုတွေကြောင့် ၁၇၀၀ ပြည့်နှစ် မတိုင်မီက နိုင်ငံ့သမိုင်းကြောင်း မှတ်တမ်းမှတ်ရာတွေ ဆုံးရှုံးခဲ့ရပါတယ်။

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အမျိုးသားရေး တက်ကြွလှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလ ပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်း သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီး အမျိုးသားရေးဆရာတော် ဦးပညာဝံသက ဟောပြော ဆွေးနွေးသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ သာသနာဖျက်အားပေး တီမော (အလိုမရှိ)၊ အကြမ်းဖက်အားပေး တီမော (အလိုမရှိ)၊ အကြမ်းဖက် NUG၊ PDF (အလိုမရှိ)၊ မြန်မာ့ပြည်တွင်းရေး (ဝင်မစွက်နဲ့)၊ ပြည်တွင်းရေး စွက်ဖက်သူ (ဒို့ရန်သူ)၊ မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား (ဆန့်ကျင်ကြ) ကြွေးကြော်သံများကို သံပြိုင် ကြွေးကြော်ကြသည်။

ယင်းနောက် အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက ဟောပြောဆွေးနွေးကြပြီး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဓာတ်မာန်သီချင်း သံပြိုင်သီဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲကို အမျိုးသားရေး တက်ကြွလှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး နိုင်ငံရေးပါတီဝင်များ၊ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြသည့် ပြည်သူများ ပူးပေါင်းပါဝင် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**





## မိုင်းရှူးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**မိုင်းရှူး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မင်းဇော်သည် ပညာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ယနေ့ မွန်းလွဲ ၁ နာရီက မိုင်းရှူးမြို့နယ် (အ.ထ.က) ဝမ်ကန်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲဆောင်ရွက်သည်။

ဟောပြောပွဲတွင် ရဲအုပ်မင်းဇော်က မူးယစ်ဆေးဝါးသမိုင်းအကြောင်း၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ မူးယစ်ဆေးဝါးများနှင့်ပတ်သက်သည့် ထိန်းချုပ်ဓာတုပစ္စည်းနှင့်ဆေးဝါးများ၊ ဆိုးကျိုးအန္တရာယ်များ၊ ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့်ပတ်သက်၍ သရုပ်ဖော်ပုံများဖြင့် ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ကြီး ဦးမြင့်စိုးဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၈ မှ*

ပြည်တွင်းမတည်ငြိမ်မှု၊ မငြိမ်းချမ်းမှုနဲ့ မညီညွတ်မှုတွေကြောင့် တိုင်းတစ်ပါးလက်အောက်မှာ နှစ်ပေါင်းရာချီနေခဲ့ကြရပါတယ်။ လက်ရှိ နိုင်ငံ့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းက အလုပ်လက်မဲ့တွေဖြစ်ကြသလို နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်နီးပါး စာတတ်မြောက်မှု အားနည်းပြီး ငွေကြေးဖောင်းပွတာ စတဲ့အခက်အခဲများအကြား ရုန်းကန်နေရတဲ့ နိုင်ငံဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ဩစတြေးလျတို့နဲ့ အဆင်ပြေဖို့က သူတို့ရဲ့ နိုင်ငံခြားရေး ထိပ်သီးမူဝါဒဖြစ်သလို မကြာသေးမီ နှစ်အနည်းငယ်ကအထိ တီမောနိုင်ငံရဲ့ ဘဏ္ဍာငွေအများစုက နိုင်ငံတကာကူညီထောက်ပံ့မှုတွေနဲ့ ရပ်တည်နေခဲ့ရ၊ ကိုယ်ပိုင်ငွေကြေးမရှိဘဲ အမေရိကန်ဒေါ်လာကိုသာ အသုံးပြုတဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

**တီမောက လက်ရှိမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ပေါ်လာစေဖို့အတွက် ဒီမိုကရေစီအရေးတက်ကြွတဲ့ နိုင်ငံတစ်ခုအဖြစ် အသံကုန်ဟစ်ရင်း နေရာရယူဖို့ကြိုးပမ်းနေတာကိုလည်း တွေ့ရှိရပါတယ်။ တီမောအနေနဲ့ မိမိတို့မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို အလုံးစုံမသိ၊ သိအောင်လည်း မကြိုးပမ်းဘဲ ဝေဖန်နေခြင်းထက် တီမောလက်စ်တေရဲ့ အနာဂတ်အတွက် စီးပွားရေးတိုးတက်မြင့်မားဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖော်ဆောင်ပေးနိုင်ဖို့နဲ့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်မြောက်မှုနှုန်း မြင့်တက်လာဖို့ အစရှိတာတွေကို တွေးတောကြံဆနေသင့်တယ်လို့ ထင်ပါတယ်။**

မိမိတို့နိုင်ငံက နိုင်ငံတကာဆက်ဆံရေးကို လုပ်ဆောင်တဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိတဲ့အတိုင်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ယနေ့တိုင်ကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပြီး နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနဲ့အညီ နိုင်ငံအားလုံးနဲ့ သင့်မြတ်စွာ ဆက်ဆံလျက်ရှိပါတယ်။

**မည်သူတရားပျက်ပျက် ကိုယ်မပျက်**

မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာအသိအမှတ်ပြု သံတမန်ဆက်ဆံရေးနဲ့ စပ်လျဉ်းတဲ့ ကွန်ဗင်းရှင်းများကို လေးစားလိုက်နာခဲ့တဲ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့လည်း ရုရှားမီဒီယာတစ်ခုနဲ့ တွေ့ဆုံဖြေကြားစဉ်အတွင်းမှာ မြန်မာနိုင်ငံမှာ ရန်သူနိုင်ငံမရှိဘဲ မိတ်ဆွေနိုင်ငံတွေသာရှိပြီး မိမိတို့အပေါ် စိတ်ရင်းစေတနာကောင်းထားတဲ့ နိုင်ငံတွေနဲ့ ပိုမိုချစ်ကြည်စွာ ဆက်ဆံသွားမယ်လို့ ပြောကြားခဲ့ဖူးပြီး လက်တွေ့မှာလည်း မိမိတို့ နိုင်ငံဘက်က ရပ်တည်ပေးခဲ့ကြတဲ့ နိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိနေပါတယ်။

ပြည်ပနိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံအပေါ် ဝေဖန်ထောက်ပြတဲ့အခါ မှန်ကန်တဲ့သတင်းအချက်၊ ဆင်ခြင်တုံတရားပြည့်ဝတဲ့ အပြုအမူအပြင် ကောင်းမြတ်တဲ့ စိတ်နှလုံးတို့နဲ့ ပူးပေါင်းထောက်ပြသင့်သလို မြန်မာနိုင်ငံဘက်ကလည်း မည်သူတရားပျက်ပျက် မြန်မာတို့မပျက်ဘဲ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကိုသာ တိုးမြှင့်ဖော်ဆောင်ရင်းဖြင့် မြန်မာ့အနာဂတ်၊ မြန်မာ့ဒီမိုကရေစီနိုင်ငံသစ်ကို ကမ္ဘာ့နိုင်ငံများအားလုံးရှေ့မှောက်တွင် ဦးလည်မသုန် အကောင်းဆုံးပုံဖော်ဖန်တီး တည်ဆောက်သွားမည်သာ ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး တောင်ကြီးမြို့ မြကန်သာပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်ပေး

**တောင်ကြီး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြကန်သာပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါပန်းခြံမုခ်ဦးရှေ့၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ပန်းပွားအကအဖွဲ့များ တက်ရောက်ကြသည်။



ရှေးဦးစွာ ပန်းခြံအဝင်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပန်းခြံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ဖျန်းပက်ပေးကြကာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနား တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ပန်းပွားအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မဟော်ဂနီပင်ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က အာဖရိကန်ကျူးလစ်ပင်ကိုလည်းကောင်း အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ပန်းခြံအတွင်း ဖွင့်လှစ်ထားသည့် ဓာတ်ပုံနှင့်ပန်းချီအနုပညာပြခန်းကို ကြည့်ရှုအားပေးပြီး ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ မြကန်သာပန်းခြံအတွင်း ပန်းခြံအဝင်မုခ်ဦးများ တည်ဆောက်ခြင်း၊ ရေကန်ပတ်လည်တွင် လူသွားလျှောက်လမ်းနှင့်တံတားများ ဆောင်ရွက်ခြင်း၊ ရေကန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် ကမ်းထိန်းကျောက်စီနံရံနှင့် မြေကာနံရံများ တည်ဆောက်ခြင်းနှင့် ရေထွက်၊ ရေကန်၊ တောအုပ်၊ သစ်ပင်၊ ရာသီပန်းများ၊ မြက်ခင်း မြေယာရှုခင်းအလှများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်ထားသည့်အပြင် ပြည်သူလူထုအပန်းဖြေနိုင်ရန် ကန်ရှုခင်းကြည့်ရှုသည့်နေရာများ၊ ကိုယ်လက်လှုပ်ရှား အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ ဓာတ်ပုံနှင့်ပန်းချီအနုပညာရှင်များ၏ အနုပညာလက်ရာပြခန်း တည်ဆောက် ခင်းကျင်းပြသခြင်း၊ အနားယူအပန်းဖြေနိုင်ရန် နေရာရှုခင်းအလှများ ဖန်တီးခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဒဂုံတက္ကသိုလ် နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒဂုံတက္ကသိုလ် နှစ်(၃၀) ပြည့် ပုလဲရတု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒဂုံတက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "မြကျွန်းညိုညို့ တက္ကသိုလ်" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဒဂုံတက္ကသိုလ် ပုလဲရတု အထိမ်းအမှတ် ဧကပိုဒ်ရတုကို ဂုဏ်ပြုရွတ်ဆိုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း က အဖွင့်အမှာစကားပြောကြားပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က ဒဂုံတက္ကသိုလ် ပုလဲရတုအထိမ်းအမှတ် ကျေးဇူးတင်စကား ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဒဂုံတက္ကသိုလ်မှ ပုလဲရတုအထိမ်းအမှတ် ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒဂုံတက္ကသိုလ် ပုလဲရတု အထိမ်းအမှတ်အတွက် ငွေကျပ်သိန်း ၃၀ ကို လှူဒါန်းပြီး ဒဂုံတက္ကသိုလ် ကျောင်းသားဟောင်းများက ငွေကျပ် ၃၈ သိန်းကို လှူဒါန်းရာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီးများက နှစ် (၃၀) ပြည့် ပုလဲရတု အထိမ်းအမှတ် ဂုဏ်ပြုစကားများ ပြောကြားကြပြီး ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ဒဂုံတက္ကသိုလ် အနုပညာအသင်းတို့က တက္ကသိုလ်သီချင်း၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူးကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲ၊ ဒဂုံတက္ကသိုလ် ပုလဲရတုအထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲနှင့် ဒဂုံတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စာပေ၊ အနုပညာ၊ အားကစားကဏ္ဍနှင့် ဝန်ထမ်းစွမ်းဆောင်မှုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အလုပ်သမားများအား မြန်မာနိုင်ငံသို့ပြန်ရန်မလိုဘဲ ထိုင်းနိုင်ငံအတွင်း၌ အထောက်အထားရရှိရေး ဆောင်ရွက်ပေးမည်





**နေပြည်တော် ဒီဇင်ဘာ ၁၃**

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများ၏ သတင်းအတတ်ပညာဆိုင်ရာ အခြေခံရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ General Life News Agency မှ သင်တန်းတာဝန်ခံများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် အလုပ်သမား ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးရှိသည့် သတင်းများ၊ ပြည်သူများ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးနှင့် လူမှုကွန်ရက်စာမျက်နှာတွင် အလုပ်သမားရေးရာ ကိစ္စများနှင့် ပတ်သက်၍သတင်းတုသတင်းမှားဖော်ပြနေမှုများကို သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သတင်းအတတ်ပညာပိုင်းဆိုင်ရာများကို ကြိုးစားလေ့လာသင်ယူကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် မိမိ၏စွမ်းရည်နှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ရမည်ဖြစ်ကြောင်း ပြောကြားပြီး General Life News Agency မှ သင်တန်းတာဝန်ခံများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနစုပေါင်းခန်းမ၌ကျင်းပသည့် ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) စာအုပ်ထုတ်ပေးရေး စခန်းများတွင် သွားရောက်တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ လုပ်ငန်းခွင်အကြို သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အလုပ်သမားများအား မြန်မာနိုင်ငံသို့ ပြန်ရန်မလိုဘဲ ထိုင်းနိုင်ငံအတွင်း၌ အထောက်အထားရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကုန်ကျစရိတ်နှင့် အချိန်ကုန်သက်သာစေရန် CI စာအုပ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ပေးရန် သွားရောက်ခြင်းဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ လမ်းညွှန်မှု၊ အလုပ်သမားသံအရာရှိ၏ကြီးကြပ်မှုဖြင့် Team Work အဖြစ်စုစည်း၍ လုပ်ငန်းစဉ်များကို အကောင်းဆုံးဝန်ဆောင်မှုပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယခုနှစ် ဇူလိုင် ၅ ရက် ထိုင်းအစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ ထိုင်းအလုပ်ရှင်များမှ အမည်စာရင်းတင်သွင်းထားသည့် မြန်မာအလုပ်သမား ကိုးသိန်းခန့်ရှိပြီး အဆိုပါ အလုပ်သမားများအား ထိုင်းနိုင်ငံတွင် ဖွင့်လှစ်မည့် CI စခန်း ငါးခုနှင့် Mobile Unit သုံးခုတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနမှ စုစုပေါင်း အရာထမ်း၊ အမှုထမ်း ၄၀ နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးတို့ တာဝန်ထမ်းဆောင်နိုင်ရေး စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

အခြားလူစီးရထားများ ဖြစ်သည့် အမှတ်(၁)အဆန် လူစီး/ကုန်တင် ရထားသည် ပိန်းဇလုပ်ဘူတာ၌ နံနက် ၃ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ အမှတ်(၂) အစုန် လူစီး/ ကုန်တင်ရထားသည် ကျောက်တံခါးဘူတာ၌ နံနက် ၁ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ အမှတ်(၄) အစုန်လူစီး အမြန်ရထားသည် ဖြူးဘူတာ၌ နံနက် ၄ နာရီ ၂၅ မိနစ်တွင် လည်းကောင်း အသီးသီး ရပ်တန့်ထားရှိခဲ့ရသည်။ လမ်းချော်ကျမှုဖြစ်ပွားသည့် အမှတ်(၆) အစုန် လူစီးအမြန်ရထားတွင် ခရီးသည် ၄၂၆ ဦး၊ အမှတ် (၄) အစုန် လူစီးအမြန်ရထားတွင် ခရီးသည် ၃၂၃ ဦး၊ အမှတ်(၁) အဆန်နှင့် အမှတ်(၂) အစုန် လူစီးကုန်ရထားများတွင် ခရီးသည် ၁၀၀ ခန့်ပါရှိ၍ ရထားစီးခရီးသည် စုစုပေါင်း ၉၀၀ ခန့် လမ်းခရီး၌ ကြန့်ကြာမှု အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။

## ပြန်လည်ပြုပြင်

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များက အချိန်နှင့်တစ်ပြေးညီ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများက မိုင်းပေါက်ကွဲမှုကြောင့် ပြတ်တောက်ပျက်စီးသွားသော ရထားသံလမ်း ၁၅ ပေခန့်နှင့် ကွန်ကရစ် ဇလီဖားတုံးများကို အစားထိုးလဲလှယ်ခြင်းနှင့် တံတားအမှတ် (၁၄၆) ၏ ကွန်ကရစ်ကြမ်းခင်း ရှစ်ပေခန့် ပေါက်ထွက် ပျက်စီးမှုများအား အမြန်ဆုံး အချိန်နှင့်တစ်ပြေးညီ ပြန်လည်မွမ်းမံပြုပြင်လျက်ရှိပြီး ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မြန်မာ့မီးရထား တာဝန်ရှိသူများက ရထားလမ်းချော်ကျမှုဖြစ်ပွားသည့် အမှတ်(၆) အစုန်ရထားမှ ကျန်ရှိသည့် ခရီးသည်များနှင့် ဖြူးဘူတာတွင် ရောက်ရှိနေသော အမှတ်(၄) အစုန် လူစီးအမြန်ရထားမှ ခရီးသည်များအတွက် နေ့လယ်စာ ထမင်းဘူးများ ဝေငှဖြည့်ဆည်းပေးခြင်းနှင့် သောက်ရေ/သုံးရေများ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမှတ်(၄)အစုန် ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအား ဖြူးဘူတာမှ ရန်ကုန်ဘက်သို့ မော်တော်ယာဉ်ကြီး သုံးစီးဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ အမှတ်(၆)အစုန်နှင့် အမှတ်(၂) အစုန်ရထားများဖြင့် လိုက်ပါလာသည့် ခရီးသည်များအား ကျောက်တံခါးဘူတာမှ ရန်ကုန်ဘက်သို့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း မော်တော်ယာဉ်ကြီးနှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ရန်ကုန်နှင့် မန္တလေးဘူတာကြီးတို့မှ ယနေ့ထွက်ခွာမည့် လူစီးရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာအကြား တံတားအမှတ်(၁၄၇) ရန်ကုန်ဘက်အထွက်တွင် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆)အစုန် အမြန်ရထား တိမ်းစောင်းမှုဖြစ်ပွားစဉ်။



တံတားအမှတ်(၁၄၆) မိုင်းပေါက်ကွဲမှုနေရာအား ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ကျောက်တံခါး - ပိန်းဇလုပ်ဘူတာအကြား မိုင်းပေါက်ကွဲမှုကြောင့် ပိတ်မိနေသော ခရီးသည်များအား နေ့လယ်စာထမင်းဘူးများ လိုက်လံဝေငှစဉ်။



ကျောက်တံခါး - ပိန်းဇလုပ်ဘူတာအကြား မိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်ဘက် ဆက်လက်လိုက်ပါမည့် ခရီးသည်များအား မော်တော်ယာဉ်ဖြင့် ရွှေ့ပြောင်းပေးစဉ်။

ဖျက်ဆီးခြင်း ၁၂၉ ကြိမ်၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရသည်။

## ကန့်ကွက်ရှုတ်ချလျက်

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းများနှင့် ရထားတွဲများ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ခရီးသွားပြည်သူများ အသက်အန္တရာယ် ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင် ခြိမ်းခြောက်ခြင်း တို့အပြင် ရန်ကုန် - မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ် သဃ်န်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ဖျက်ဆီးခြင်းနှင့်

# ကျောက်တံခါးမြို့နယ်အတွင်း မန္တလေး-ရန်ကုန် လူစီးရထားအား ရီမုမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ပြည်သူလူထု လူမှုစီးပွားဘဝထိခိုက်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့မှု

## ၁၃-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့၊ နမ့်ခမ်းမြို့၊ ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ မြောက်ဦးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်



ဒီနေ့မနက် ၆ နာရီ ၁၅ မိနစ်အချိန်လောက်မှာ KNLA ၊ PDF အကြမ်းဖက်သောင်းကျန်းသူတွေက မြဝတီမြို့နယ် သဃ်န်းညီနောင်မှာရှိတဲ့ 230 KV ဓာတ်အားခွဲရုံကို Drop Bomb နဲ့ ပစ်ချတိုက်ခိုက်ခဲ့ပါတယ်။ ဒါကြောင့် ဓာတ်အားခွဲရုံမှာရှိတဲ့ ဓာတ်အားခွဲရုံသုံးပစ္စည်းတွေ၊ အဆောက်အအုံတွေ ပျက်စီးခဲ့တာရှိပါတယ်။ အဲဒါကြောင့် သင်္ကန်းညီနောင်-မြဝတီဘက်မှာတော့ လျှပ်စစ်ဓာတ်အားပေးပို့မှု ပြတ်တောက်လျက်ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးစဉ်းစားကြည့်ရင် လျှပ်စစ်ဓာတ်အားဆိုတာက အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထုက သုံးစွဲတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဒဏ်ကို ပြည်သူလူထုပဲ ခံရတာဖြစ်ပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ကတော့ ဒါတွေကို ထည့်တွက်မှာမဟုတ်ပါဘူး။ သူတို့ရဲ့လိုလားချက်က သူတို့ရဲ့ဘဏ္ဍာငွေရရှိရေး၊ အကြောက်တရားနဲ့ ခြိမ်းခြောက်ရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝပျက်စီးစေရေး ဒါတွေကိုပဲ သူတို့ဆောင်ရွက်မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဆိုတာက ဘယ်အစိုးရပဲတက်တက် ပြည်သူတွေသုံးစွဲတာပဲ ဖြစ်တယ်။ ပြည်သူတွေအတွက် အစိုးရအဆက်ဆက်က လုပ်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ပြောရမယ်ဆိုရင် အဲဒီဒေသတွေမှာ KNLA၊ KNU အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အမျိုးအဆွေတွေပါ အဲဒီမြို့နယ်တွေမှာ နေတာပဲဖြစ်ပါတယ်။ သူတို့ပဲသုံးစွဲနေတာ ဖြစ်ပါတယ်။ သူတို့လည်းသုံးစွဲနေတာဖြစ်ပါတယ်။ ဒီလိုမျိုးဖျက်ဆီးခဲ့တဲ့ ဖြစ်စဉ်ပေါင်း မြောက်မြားစွာရှိပါပြီ။ လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲတာတွေ၊ ဓာတ်အားခွဲရုံတွေကို ဖျက်ဆီးတာတွေ၊ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီး လိုအပ်ချက်ရှိနေတဲ့ကြားမှာ ဒီလိုဆောင်ရွက်တဲ့ကိစ္စတွေက ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရမယ့် လုပ်ငန်းတွေဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီလိုပါပဲ ဒီအဖွဲ့ပါပဲ KNLA ၊ KNU ၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဒီနေ့မနက် ၃ နာရီခွဲလောက်မှာ ကျောက်တံခါးဘူတာကနေထွက်လာတဲ့ ရန်ကုန် – မန္တလေး အမှတ်(၆)အစုန် လူစီးအမြန်ရထားကို မိုင်တိုင်အမှတ်(၁၀၄)နဲ့(၁၀၃) နေရာမှာ ရထားလမ်းကို မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ဒါကြောင့် ရထားစက်ခေါင်းနဲ့အတူ လူစီးတွဲသုံးတွဲ လမ်းချော်မှုဖြစ်ပွားခဲ့ပါတယ်။ လမ်းခရီးမှာ ခရီးသည်စုစုပေါင်း ၉၀၀ လောက် လမ်းခရီးကြန့်ကြာမှုအခက်အခဲများ ဖြစ်ပေါ်ခဲ့ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာ့မီးရထားအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသည်တွေအတွက် အဆင်ပြေအောင် ထမင်းဘူးတွေဝေငှပေးတာတွေ၊ သောက်သုံးရေအဆင်ပြေအောင် ဆောင်ရွက်ပေးတာတွေ ဆောင်ရွက်ခဲ့ရပါတယ်။ ရထားလမ်းဆိုတာက တိုင်းပြည်ရဲ့ကုန်စည်ပို့ဆောင်ရေး၊ တိုင်းပြည်ရဲ့ အခြေခံလူတန်းစားတွေ အများဆုံးအသုံးပြုကြတဲ့ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပါတယ်။ ဒီလိုဟာတွေကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကနေစပြီး ဒီနေ့အထိ ရထားလမ်းတွေ၊ ရထားဘူတာတွေကို မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးတာ ၁၂၉ ကြိမ်ရှိပါပြီ။ တံတားတွေကို မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးတာ ၄၆ ကြိမ်ရှိပါပြီ။ ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ၊ နိုင်ငံတော်ရဲ့အခြေခံအဆောက်အဦတွေကို အခြေခံကျကျ ဖျက်ဆီးပစ်နေတာပဲဖြစ်ပါတယ်။ ဒ့ါအပြင် မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆေးရုံ၊ ဆေးခန်းပေါင်း ၅၅ ခုကို မီးရှို့ဖျက်ဆီးတာ၊ မိုင်းထောင်ဖောက်ခွဲတာတွေလုပ်ခဲ့တယ်။ ပြည်သူလူထုရဲ့ပညာရေးဖြစ်တဲ့ စာသင်ကျောင်းတွေနဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ အဆောက်အအုံ ၇၇၃ လုံးကို ဖျက်ဆီးခဲ့တယ်၊ မိုင်းထောင်ဖောက်ခွဲခဲ့တယ်။ ဒ့ါအပြင် တချို့နေရာတွေမှာဆိုရင် စာသင်ကျောင်းတွေကို သူတို့ရဲ့စစ်ရေးအရအသုံးပြုပြီး သင်တန်းကျောင်းတွေလုပ်တာတွေ၊ စစ်ရေးအရအသုံးပြုပြီး စာသင်ကျောင်းထဲမှာ ဘန်ကာတွေဆောက်၊ ဆက်သွယ်ရေးမြောင်းတွေတူးပြီး စစ်စခန်းအဖြစ်အသုံးပြုခဲ့တာတွေ အကြိမ်ကြိမ်ရှိပြီးဖြစ်ပါတယ်။ ဒါတွေက တိုင်းပြည်ရဲ့ယခုလက်ရှိ ပစ္စုပ္ပန်ကာလကိုရော၊ အနာဂတ်ကာလကိုရော ဖျက်ဆီးပစ်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို အားပေးနေမယ်ဆိုရင် မိမိကိုယ်တိုင်နေတဲ့နေအိမ်၊ မိမိကိုယ်တိုင်နေတဲ့အသိုက်အမြုံကို မိမိကိုယ်တိုင်ဖျက်ဆီးပစ်နေတာနဲ့တူတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ဖြစ်စဉ်များအနေနဲ့ကတော့ ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မှာတော့ နမ့်ဆန်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ နမ့်ခမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မြောက်ဦးဘက်မှာ တပ်ကို မြောက်ဦးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဘုရားတွေကြားထဲမှာပဲ ဘုရားစေတီတွေကြားထဲမှာပဲ AA အနေနဲ့ ခံကတုတ်တွေ၊ ယာယီနေရာတွေပြုလုပ်ပြီး ပစ်ခက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဆိုလည်း အဓိကဖြစ်စဉ်က TNLA အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ဖြစ်နေတာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဘက်မှာတော့ ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းကို ဒီနေ့မနက်ပိုင်းမှာ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ရှုပ်ရှုပ်ချွံချွံခုခံမှုကြောင့် ရန်သူ စခန်းထဲကို အနည်းငယ်ဝင်ရောက်ပြီး နောက်ပိုင်းမှာ အကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားခဲ့ရကြောင်း ကျွန်တော်တို့တွေ့ရပါတယ်။

ဒီနေ့မှာတော့ ထူးခြားမှုအနေနဲ့ TNLA, AA ရဲ့ သူတို့ပြုလုပ်နေတဲ့ သတင်းမီဒီယာတွေထဲမှာ ဘာတွေတွေ့ရတုန်းဆိုတော့ သူတို့ကို တပ်မတော်ကပဲ စတိုက်သယောင် လေသံပြောင်းလာတာကို တွေ့ရပါတယ်။ ဘာ့ကြောင့် ဒီလိုလေသံပြောင်းတယ်ဆိုတာကတော့ အားလုံးယခင်ကတည်းက ကျွန်တော်ပြောခဲ့တဲ့ စကားတွေနဲ့ ဆက်စပ်ပြီးရင် သုံးသပ်ကြည့်မိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားဒေသတွေ၊ သူတို့လှုပ်ရှားနေတဲ့ဒေသတွေမှာ စတင်တိုက်ခိုက်မှုမရှိခဲ့ပါဘူး။ ၎င်းတို့ကသာ စတင်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ယခင်တုန်းက သူတို့တိုက်ခိုက်ခဲ့တဲ့ဟာတွေကို ဂုဏ်ယူဝင့်ကြွားစွာနဲ့တင်နေတဲ့အဖွဲ့တွေက ဒီနေ့ကျမှ လေသံပြောင်းပြီး တပ်မတော်ကစတင်တိုက်ခိုက်တယ်ဆိုတဲ့ပုံစံမျိုး လေသံပြောင်းပြီး တိုက်ခိုက်နေတာမျိုးတွေရှိပါတယ်။ လေသံပြောင်းပြီး ဆောင်ရွက်နေတာမျိုးတွေ ရှိပါတယ်။ ဒီလိုအခြေအနေမျိုးတွေဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတဲ့အဖွဲ့များအားလုံး၊ ငြိမ်းချမ်းရေးကိုအကျိုးဆောင်နေတဲ့ ပြည်တွင်းပြည်ပအဖွဲ့များအားလုံးက သတိပြုမိဖို့လိုပါတယ်။ ဂရုစိုက်ဖို့လိုပါတယ်။ သူတို့ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာကို အားလုံးရိပ်မိကြမယ်လို့ ထင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ်၌ ဆောင်းသီးနှံနေကြာမျိုးစေ့နှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်

**ဖျာပုံ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အောက္ကဘာကျေးရွာအုပ်စု ကံဆိပ်ကျေးရွာ တောင်သူ ဦးအေးကို၏ ဦးပိုင်အမှတ် (၁၁)၊ ကွင်းအမှတ် (၅၅၄- က)၊ လယ်မြေဧက ၂၀ တွင် ၂၀၂၃-၂၀၂၄ ခုနှစ် စီမံကိန်းဆီထွက်သီးနှံဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံနေကြာစိုက်ဧက ပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်ရေး ဆောင်းနေကြာမျိုးစေ့နှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့်မျိုးစေ့စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာရှိ တောင်သူ၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ ဆောင်းသီးနှံနေကြာမျိုးစေ့နှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့်မျိုးစေ့စိုက်ပျိုးပွဲသို့ ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီမှတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ဥမ္မာအေးနှင့်ဝန်ထမ်းများ၊ အောက္ကဘာကျေးရွာအုပ်စု ကံဆိပ်ကျေးရွာရှိ တောင်သူများတက်ရောက်ကြပြီး ခရိုင်/မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ဆောင်းသီးနှံနေကြာမျိုးစေ့နှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များပေးအပ်ကြရာ တောင်သူများက လက်ခံရယူကြသည်။

**အောင်ဝင်းနိုင် (ခရိုင်ပြန်/ဆက်)**



# စာများများ ဖတ်ပါ၊ စာများများရေးပါ၊ ရေးတဲ့စာတွေ မှန်သမျှ တိုင်းပြည်ကို အကျိုးပြုတဲ့၊ လူငယ်အကျိုးပြုတဲ့ စာတွေဖြစ်ရင် ပိုပြီးတော့ ရေးရကျိုးနပ်တာပေါ့၊ အဲဒီလိုပဲဖြစ်စေချင်တယ်

*ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)*


ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)


ဦးချစ်စံ(ချစ်စံဝင်း)


မောင်ငြိမ်းသူ (ကြို့ပင်ကောက်)


ဦးပဏ္ဍိတာနန္ဒ (မြတ်ဘုန်း-တပ်ကုန်း)

**၁၃၈၅ ခုနှစ် နတ်တော်လဆန်း (၁)ရက်တွင်ကျရောက်သည့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပညာရှင်ကြီးများ ဂုဏ်ပြုသည့်အနေဖြင့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု လေးဆု၊ အမျိုးသားစာပေဆု ၁၁ ဆုနှင့် စာပေဗိမာန်စာမူဆု ၂၉ ဆု ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဆုရစာပေပညာရှင်ကြီးများ၏ ဝမ်းမြောက်ပီတိစကားနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် လမ်းညွှန်အမှာစကားများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်း စုစည်းဖော်ပြအပ်ပါသည်။**


ဦးဝင်းသိန်း

**ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)**
**၂၀၂၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရှင်**

ဒီနေ့ကျင်းပတဲ့ ဆုပေးပွဲ အခမ်းအနားကတော့ စာပေပညာရှင်တွေ၊ စာရေးဆရာတွေကို အားတက်စေတယ်၊သေသေချာချာ ပြင်ဆင်ထားတဲ့ အခမ်းအနားကြီးကလည်း တော်တော်လေးကို ပြည့်ပြည့်စုံစုံ ရှိပါတယ်။ စာရေးရတဲ့ သူတွေအတွက် ဘယ်လိုပဲဖြစ်ဖြစ် အားဆေးတစ်ခွက်ပါပဲ။ လူငယ်တွေအနေနဲ့ စာပေကို တော်တော်များများ စိတ်ဝင်စားတာ တွေ့ရပါတယ်။ ဒီဘက်ခေတ်မှာ Print Media စာအုပ်က အထွက်နည်းတယ်။ တချို့ကျတော့ Social Media၊ Facebook စတာတွေကို သုံးကြတာ များတယ်။ အခုဆိုရင် တည်းဖြတ် မွမ်းမံပေးတဲ့ အယ်ဒီတာပိုင်း ပျောက်သွားတယ်။ အဲဒီလို အယ်ဒီတာကဏ္ဍ ပျောက်သွားတဲ့အခါ တချို့စာတွေကျတော့ တိမ်းတာလေးတွေ၊ လွဲတာလေးတွေ ပါတတ်တယ်။ တကယ့်အယ်ဒီတာကောင်းတွေဆီကနေ ဖြတ်သန်းတယ်ဆိုရင်တော့ အပြစ်ကင်းစင်တာပေါ့။ စာများများ ဖတ်ပါ။ စာများများရေးပါ။ ရေးတဲ့စာတွေ မှန်သမျှကလည်း အဓိကအားဖြင့် တိုင်းပြည်ကို အကျိုးပြုတဲ့၊ လူငယ်အကျိုးပြုတဲ့စာတွေဖြစ်ရင် ပိုပြီးတော့ ရေးရကျိုးနပ်တာပေါ့။ အဲဒီလိုပဲ ဖြစ်စေချင်တယ်။ ဆရာမကြီးရခဲ့တဲ့ စာပေထူးချွန်ဆုတွေ အနေနဲ့ကတော့ ၁၉၈၁ ခုနှစ်မှာ ပထမဆုံးထုတ်တဲ့ **စံပယ်တစ်ကိုး ဂမုန်းတပွင့် လက်ရွေးစင်ဝတ္ထုတိုများ** စာအုပ်နဲ့ အမျိုးသားစာပေဆုရခဲ့တယ်။ အဲဒီဆုချီးမြှင့်ခံရတဲ့ အချိန်မှာ အလွန်ပဲ အားတက်သွားပါတယ်။ နောက်ဒုတိယတစ်ကြိမ်က ၂၀၀၃ ခုနှစ်မှာ **ရွှေတံခါးကြီး ဖွင့်ပါဦးနှင့် အခြားပြဇာတ်များ** စာအုပ်နဲ့ အမျိုးသားစာပေဆု၊ တတိယတစ်ကြိမ်က ၂၀၀၈ ခုနှစ်မှာ **သီဂီရိရသဝတ္ထုတိုပေါင်းချုပ်**နဲ့ အမျိုးသား စာပေဆုသုံးကြိမ်ရခဲ့တယ်။ နောက်ထပ်ကတော့ ၂၀၁၄ ခုနှစ် အရှေ့တောင်အာရှစာပေ ဝတ္ထုတိုဆုကို ရခဲ့ပါတယ်။ အခု လတ်တလော စာပေလှုပ်ရှားမှုအနေနဲ့ကတော့ စာရေးတဲ့ အတတ်ပညာ၊ ဟောပြောတဲ့ အတတ်ပညာ၊ကဗျာရေးတဲ့ အတတ်ပညာ၊ စာရေးသူထားရမယ့် စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာ စတာတွေကို ရခဲ့တဲ့ ဆရာမကြီးရဲ့ လက်ဦးဆရာလို့ ပြောလို့ရတဲ့ ကိုလိုနီခေတ်က စာရေးဆရာကြီး ရန်အောင်ရဲ့ (၁၁၉) နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ကန်တော့တဲ့အနေနဲ့ စာအုပ်လေးတစ်အုပ် မကြာမီမှာ ထွက်ပါမယ်။ ကျေးဇူးတင်ပါတယ်။

**ဦးချစ်စံ(ချစ်စံဝင်း)**
**၂၀၂၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရှင်**

အသက် ၈၀ ကျော် ကာလအထိ စာပေသမိုင်းတစ်လျှောက်မှာ အခုလို ခမ်းနားကြီးကျယ်တဲ့ အခမ်းအနားမျိုး မတွေ့ခဲ့ဖူးသေးဘူး။ ဒါကြောင့်မို့ ဒီအခမ်းအနားဟာ စာပေပညာရှင်တွေအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ။ ဆုရတဲ့ စာပေပညာရှင်တွေ အားလုံးအတွက် ဝမ်းသာဂုဏ်ယူပါတယ်။

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**
**စာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်**

ကျွန်တော်တို့ စာတွေ အများကြီးဖတ်ပြီးတော့အမျိုးသားစာပေ တစ်သက်တာဆု လေးဆု၊ အမျိုးသား စာပေဆု ၁၁ ဆု၊ ဘာသာရပ် ၁၃ မျိုးအတွက် စာပေဗိမာန်စာမူဆု ၂၉ ဆု ရွေးချယ်ခဲ့ပါတယ်။ ဒီနေ့ စာပေဆုနှင်းပွဲကြီးကတော့ ကျွန်တော်တို့ စာရေးဆရာတွေ အားလုံးအတွက် နေ့ထူးနေ့မြတ်ပါ။ စာရေးဆရာ စာပေပညာရှင်တွေကို ဂုဏ်ပြုတဲ့နေ့၊ ရှေးခေတ်ဘုရင်တွေ လက်ထက်ကတည်းက စာဆိုတော်တွေကို ဂုဏ်ပြုခဲ့သလို အခုခေတ်မှာလည်း နှစ်စဉ်နှစ်စဉ် ဆက်လက်ပြီးတော့ အစဉ်အလာ မပျက် ကျင်းပလာခဲ့တဲ့ စာဆိုတော်နေ့ အထူးအမြတ်ပွဲလည်း ဖြစ်ပါတယ်။

**ဦးပဏ္ဍိတာနန္ဒ (မြတ်ဘုန်း-တပ်ကုန်း) စာပေဗိမာန် ကဗျာပေါင်းချုပ်(တတိယဆု)**

အခု စာပေဗိမာန်စာမူဆုကို အမျိုးသမီးတွေ၊ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ မိခင်ကောင်းတွေ မိခင်ရဲ့ အကြင်နာနှလုံးသားနဲ့ ဆုံးမတဲ့စကားတွေကို ကိုယ်တွေ့ခံစားလိုက်ရတဲ့အခါ ၂၀၂၂ ခုနှစ်အတွက် ပြိုင်ပွဲမှာ **နှလုံးလှအမေရဲ့ ဓာတ်စင်နှင့် အခြားကဗျာများဆိုတဲ့** ကဗျာပုဒ်ရေ ၇၂ ပုဒ် ပါဝင်တဲ့ စာအုပ်နဲ့ ကဗျာပေါင်းချုပ် (တတိယဆု)ကို ရခဲ့ပါတယ်။ ပထမဆုံး အနေနဲ့ ဦးပဥ္စင်းကတော့ **မွန်မြတ်စိတ်ထား များများပွားဆိုတဲ့** ကဗျာနဲ့ စာပေလောကထဲကို စတင်ဝင်တယ်။ အဲဒီနောက်မှာ လူငယ်တွေ မူးယစ်ကင်းစင်ဖို့နဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့ ဆိုင်တဲ့ ပြိုင်ပွဲတွေမှာလည်း ဆုတွေ ရခဲ့ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံအမျိုးသားတွေ အမျိုးသားရေးစိတ်ဓာတ်တွေ နိုးကြားစေတော့ ဆိုပြီး **အမျိုးသားဂုဏ်ရည် တိုးမြှင့်မည်**ဆိုတဲ့ခေါင်းစဉ်နဲ့ ပြိုင်ပွဲဝင်ခဲ့တာ ၂၀၁၂ ခုနှစ်အတွက် စာပေဗိမာန်စာမူ (တတိယ) ဆု ရခဲ့ပါတယ်။ လူငယ်မောင်မယ်တွေကို မှာချင်တာက အခြားတစ်ပါးသော ပုဂ္ဂိုလ်တွေကို ကောင်းစေချင်ရင် ဦးစွာပထမ ကိုယ်ကိုယ်တိုင်ကလည်းပဲကောင်းအောင် ကြိုးစားရမယ်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်တဲ့သူတွေအနေနဲ့ မြန်မာနိုင်ငံကြီး ငြိမ်းချမ်းဖို့၊ မြန်မာနိုင်ငံကြီး သာယာဖို့၊ မြန်မာနိုင်ငံကြီး ကောင်းစားဖို့အတွက်ဆိုရင် အဓိကကတော့ ကိုယ်ကျင့်တရားကောင်းဖို့ အရေးကြီးတယ်။ အဲဒါကြောင့် ကိုယ်ကျင့်တရားကို အလေးထားပြီး မိမိကိုယ်ကျင့်တရားကောင်းဖြင့် မိသားစုအကျိုး၊ ရပ်အကျိုး၊ ရွာအကျိုး၊ မြို့အကျိုး၊ နိုင်ငံအကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်တဲ့ သားကောင်းရတနာ သမီးကောင်းရတနာတွေ ဖြစ်ပါစေလို့ ဆန္ဒပြုတိုက်တွန်းပါတယ်။

**ဦးဝင်းသိန်း**
**အမျိုးသားစာပေ**
**(အင်္ဂလိပ်ဘာသာ-သုတ)ဆု**

ငယ်စဉ်ကတည်းက စာဖတ်ပြီးတော့ စာရေးလာခဲ့တယ်။ ဒါတွေကို စုပေါင်းပြီးတော့ တိုင်းပြည်အကျိုးရှိအောင် ထုတ်ဝေတဲ့အခါမှာ နိုင်ငံတော်က အသိအမှတ်ပြုခြင်းခံရတဲ့အတွက် အတိုင်းမသိ ခွန်အားဖြစ်တယ်။ အခုဆုရတဲ့ စာအုပ်ဟာ လူငယ်တွေအတွက် ပိုရည်ရွယ်တယ်။ လူငယ်တွေ စာဖတ်တဲ့အခါမှာ Read broadly – Read widely, Judge wisely စာကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်၊ ပြည့်ပြည့်စုံစုံဖတ် အဲဒီတော့မှ အသိဉာဏ်ပညာနဲ့ အသုံးချနိုင်တဲ့ အနေအထားကို ရောက်မှာ။ အင်္ဂလိပ်စကားမှာလည်း ရှိတယ် A reader lives a Thousand Life before he died. စာဖတ်သူက သူမသေခင်မှာ ဘဝပေါင်း တစ်ထောင် နေသွားရတယ်တဲ့။ The man who never read lives only one. စာမဖတ်တဲ့သူကတော့ တစ်ဘဝပဲ။ စာဖတ်တဲ့သူကတော့ စာပေက ပေးတဲ့ဘဝအတွက် အကျိုးကျေးဇူးတွေနဲ့ ဘဝပေါင်း တစ်ထောင်မက အတွေ့အကြုံတွေ ရသွားတယ်။ စာမဖတ်တဲ့သူကတော့ အတွေ့အကြုံမရဘူး။ ဒါကြောင့် စာဖတ်ပါ။ စာဖတ်တဲ့ နေရာမှာလည်း အခုလူငယ်တွေကို တိုက်တွန်းချင်တာက စာဖတ်တဲ့အခါမှာ Casual Reading၊ Superficially Reading လို့ခေါ်တဲ့ စာဖတ်တာကို အပေျာ်တမ်းဖတ်တာ၊ အပေါ်ယံ ဖတ်တာမလုပ်ပါနဲ့။ စာဖတ်ပြီဆိုကတည်းက အပေါ်ယံ အပျော်တမ်း မဖြစ်စေအောင် Critical Reading ခေါ်တဲ့ ဆင်ခြင်သုံးသပ်ဝေဖန်နိုင်တဲ့ စာဖတ်နည်းမျိုးနဲ့ဖတ်ပါ။ အဲဒီတော့မှ စာဖတ်သူရဲ့ ရည်ရွယ်ချက်ကို သိမှာ။ သိတော့မှ ဆင်ခြင်သုံးသပ်ပြီးတော့ ဒါကိုဘယ်လို လုပ်သင့်လဲ၊ ဒါကို ဘယ်လိုသွားသင့်လဲ စဉ်းစားသုံးသပ်နိုင်မှာ။ အဲဒီတော့မှ တိုင်းပြည်အတွက်လည်း အကျိုးဆိုတာရှိမှာ။ ဒီတိုင်း စာအုပ်ဖတ်တယ် ဆိုပြီးတော့ အပျော်တမ်း အပေါ်ယံဖတ်လို့တော့မရဘူး။ အဲဒီတော့ စာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ပါ။ ပြည့်ပြည့်စုံစုံဖတ်ပါ။ အဲဒီတော့မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဆက်ပြီးတော့ လုပ်နိုင်မယ့်ဝမ်းစာကိုရမှာ။ ဒီခေတ်ကတော့ အိုင်တီခေတ်ဖြစ်တဲ့အတွက် ဖတ်စရာတွေ အများကြီး။ E-book ၊ Pdf ၊ Online pwm တွေ ရှိမယ်။ Resources အရင်းအမြစ်တွေ အများကြီး ပေါကြွယ်ဝတယ်။ သို့သော် Resources ရှိတိုင်း တိုင်းပြည်တိုးတက်အောင်လုပ်နိုင်သလားဆိုတော့ မဟုတ်ဘူး။ Critical Reading နဲ့ ဖတ်မှ ဆင်ခြင်သုံးသပ် ဝေဖန်နိုင်တဲ့ အဆင့်ကို ရောက်တာ။ ဖတ်ရုံနဲ့ တင်ရပ်ထားလို့ မရဘူး။ ဖတ်ပြီးရင် မှတ်ရမယ်။ မှတ်ပြီးတော့ ပြုစုရမယ်။ ပြုစုပြီးတော့ မျှဝေရမယ်။ အဲဒါမှ စာဖတ်တယ်၊ စာရေးတယ် အပြန်အလှန်အကျိုးကျေးဇူးရှိတယ်။ ကလေးတွေ Critical Reading ရပါစေ၊ တိုင်းပြည်အတွက်ကို အကျိုးရှိပါစေ၊ ကိုယ်တိုင်လက်တွေ့ကျကျ လုပ်နိုင်ပြီးတော့ မျှဝေနိုင်ပါစေ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီစာအုပ် ရေးခဲ့တာပါ။

**ဒေါ်စုလှိုင်တင့်**
**အမျိုးသားစာပေ**
**(သုတပဒေသာ- အသုံးချသိပ္ပံ)ဆု**

အဓိက ကတော့ စာပေလောကထဲကတော့ မဟုတ်ပေမယ့် ဇီဝနည်းပညာဆိုင်ရာသိပ္ပံဘွဲ့ (Bio technology) ရထားတယ်။ အဲဒီနောက် ဂျာမနီနိုင်ငံမှာ ပညာတော်သင် ခုနစ်နှစ် တက်ရောက်ခဲ့ပြီး ပြန်လာတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် အထူးသဖြင့် ဆေးလောက ဓာတ်ခွဲခန်းနည်းပညာရဲ့ အရေးပါမှုကို သိသွားတယ်။ အဲဒါနဲ့ ၂၀၂၁ ခုနှစ်မှာ ဓာတ်ခွဲခန်းများဆိုင်ရာ အရည်အသွေး စီမံခန့်ခွဲမှုစနစ်နှင့် ဓာတ်ခွဲခန်း ဘေးကင်းလုံခြုံရေးဆိုတဲ့ ပထမစာအုပ်ကို ထုတ်ဖြစ်ခဲ့တယ်။ အခု ဒုတိယမြောက်ထုတ်တဲ့ ဇီဝအန္တရာယ် ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲခြင်းစာအုပ်ကို ပြုစုခဲ့တာပါ။ ဒီစာအုပ်ကို ထုတ်ဖြစ်တာကလည်း ကိုဗစ်-၁၉ ကာလမှာ နိုင်ငံတကာမှာ Risks ကို ပိုပြီးတော့ အလေးထားလာကြတယ်။ အရင်တုန်းက အရည်အသွေးစီမံခန့်ခွဲမှုစနစ်(Quality Manage-ment) လို့ ပြောတဲ့အချိန်မှာ Opportunities for Improve-ment ဆိုတာလောက်ပဲ ပြောကြတယ်။ အခုအချိန်မှာတော့ အဲဒါနဲ့ မလုံလောက်တော့ဘဲနဲ့ Risks & Opportunities for Improve-ment ဆိုတာမျိုး Risk ကိုပါ

*စာမျက်နှာ ၁၅ သို့*

# အရှည် ၈၀၁ မီတာရှိ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)ကို ၂၀၂၅ ခုနှစ်အတွင်းပြီးစီးရန် တည်ဆောက်လျက်ရှိ

မုံရွာ ဒီဇင်ဘာ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူး တံတား (ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများကို ဒီဇင်ဘာ ၁၂ ရက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။**



တံတားချဉ်းကပ်လမ်းလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးညီညီဇော် က တံတား တည်ဆောက်ရေး လုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြသည်။



**တံတားချဉ်းကပ်လမ်း တည်ဆောက်နေမှု ကြည့်ရှု**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ပြီးစီးပါက လေရှီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ရှိ ပြည်သူများအတွက် အိန္ဒိယနိုင်ငံနယ်စပ်အထိ နှစ်နိုင်ငံကူးသန်းသွားလာမှုကို များစွာအထောက်အကူပြုသည့် လမ်းမကြီးပေါ်တွင် တည်ရှိသည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ထို့အပြင် ဆွမ္မရာမြို့၊ ပန်ဆပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အကျိုးပြုမည်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ကောင်းမွန်အောင် တည်ဆောက်ရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကိုလည်း သတိပြုဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တံတားချဉ်းကပ်လမ်းနှင့် တံတား တည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**၂၀၂၄-၂၀၂၅ တွင် အပြီးတည်ဆောက်မည်**

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းမြို့-လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့လမ်းပေါ်တွင်ရှိပြီး ချင်းတွင်းမြစ်ကိုဖြတ်သည့် သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။ တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ ရှိမည်ဖြစ်ကာ ၂၀၂၄-၂၀၂၅ တွင် အပြီးတည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကိုရီးယားနိုင်ငံအစိုးရက မြန်မာလုပ်သားအရေး မည်သည့်ညွှန်ကြားချက်နှင့် ရပ်တည်ချက်ကိုမျှ ကြေညာထုတ်ပြန်ထားခြင်းမရှိကြောင်း ကိုရီးယားသံရုံး ထပ်မံအသိပေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ကိုရီးယားသမ္မတနိုင်ငံသို့ ရာသီချိန်လုပ်သားစေလွှတ်ရေးနှင့် စပ်လျဉ်းသော ကြော်ငြာများကို မြေပြင် (offline)နှင့် အွန်လိုင်း(online)ပေါ်တွင် ဆက်လက်ကြော်ငြာနေဆဲရှိနေပြီး ကိုရီးယားနိုင်ငံအစိုးရသည် မြန်မာနိုင်ငံသား ရာသီချိန်လုပ်သားနှင့် ပတ်သက်စပ်လျဉ်းသော မည်သည့်ညွှန်ကြားချက်နှင့် ရပ်တည်ချက်ကိုမျှ ကြေညာထုတ်ပြန်ထားခြင်း မရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံရုံးက အသိပေးထားသည်။

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံရုံးက ၂၀၂၃ ခုနှစ် အောက်တိုဘာလက ကြေညာချက် ထုတ်ပြန်ခဲ့သော်လည်း မြန်မာနိုင်ငံသား ရာသီချိန်လုပ်သား စေလွှတ်ရေးနှင့် စပ်လျဉ်းသော ကြော်ငြာများကို မြေပြင် (offline)နှင့် အွန်လိုင်း(online)ပေါ်တွင် ဆက်လက်ကြော်ငြာနေဆဲ ရှိနေသည်ကို တွေ့မြင်နေရကြောင်း ဆိုသည်။

ထို့ကြောင့် ကိုရီးယားနိုင်ငံအစိုးရသည် မြန်မာနိုင်ငံသား ရာသီချိန် လုပ်သားနှင့် ပတ်သက်စပ်လျဉ်းသော မည်သည့်ညွှန်ကြားချက်နှင့် ရပ်တည်ချက်ကိုမျှ ကြေညာထုတ်ပြန်ထားခြင်း မရှိကြောင်း ထုတ်ပြန်ခဲ့ပြီး ယခင်ကလည်း အလားတူ သတင်းမျိုး ထွက်ပေါ်ခဲ့သည့်အတွက် ထုတ်ပြန်ခဲ့ရသေးသည်။

ခိုင်လုံသောသက်သေမရှိဘဲ ကိုရီးယားအစိုးရ၏ရပ်တည်ချက်ကို ကိုယ်စားပြုကြေညာနေသည့် အပြုအမူများအပေါ်လည်း သံရုံးက အထူးအသိပေးထားကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"နယ်ဘက်တွေကျတော့ သတင်းတွေလည်း သိပ်မသိကြ၊ မဖတ်ဖြစ်ကြတော့ ကိုရီးယားကို ရာသီချိန်လုပ်သား စေလွှတ်ဖို့ဆိုပြီး လူတွေခေါ်တော့ အမျိုးသား၊ အမျိုးသမီး တော်တော်များများ လိုက်ဖို့ လုပ်လိုက်ကြသေးတယ်။ တချို့ကျတော့လည်း သိတဲ့သူတွေက တားကြတော့ မလိုက်ဖြစ်ကြတော့ဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA)မှတစ်ဆင့် EPS စနစ်ဖြင့်သာ မြန်မာလုပ်သားများကို စေလွှတ်လျက်ရှိကြောင်း သိရသည်။

MT

## မြန်မာ့သကြားကို ဗီယက်နမ်က အများဆုံးဝယ်ယူနေပြီး ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အခြားပြည်ပနိုင်ငံများမှလည်း ဝယ်ယူရန်အမှာစာပေးပို့ထား

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံက မြန်မာ့သကြားကို အများဆုံးဝယ်ယူနေပြီး ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အခြားပြည်ပနိုင်ငံများကလည်း ဝယ်ယူရန် အမှာစာပေးပို့ထားကြောင်း မြန်မာနိုင်ငံကြံထွက်ပစ္စည်းနှင့် သကြားလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် သကြားတန်ချိန် လေးသိန်းခန့် ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည့်သကြားများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြစ်ကာ ဗီယက်နမ်နိုင်ငံမှ မြန်မာ့သကြားကိုအများဆုံးဝယ်ယူနေကြောင်းလည်း သိရသည်။

စက်တင်ဘာလအတွင်းက ယခုနှစ်ကြံရာသီတွင် သကြားတန်ချိန် တစ်သောင်းဝယ်ယူရန် ဗီယက်နမ်နိုင်ငံမှ အမှာစာပေးပို့ထား၍ ဦးစားပေးတင်ပို့ရန်စီစဉ်နေကြောင်း အသင်းမှ သိရသည်။

"အခုနှစ်ကြံရာသီမှာ ထွက်ရှိမယ့်သကြားကို ဝယ်ယူလိုကြောင်း ဗီယက်နမ်နိုင်ငံက စက်တင်ဘာလမှာ အမှာစာရရှိထားတာကြောင့် ဦးစားပေးအနေနဲ့ဗီယက်နမ်ကို တင်ပို့ဖို့ ဆောင်ရွက်နေတယ်။ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနဲ့ အခြားပြည်ပနိုင်ငံတွေကလည်း ဝယ်ယူဖို့ အမှာစာတွေ ရရှိထားတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့သကြားကို ဗီယက်နမ်နိုင်ငံက အများဆုံးဝယ်ယူနေပြီး ပြီးခဲ့သည့်နှစ်ကလည်း တန်ချိန် ၇၀၀၀၀ မှ ၉၀၀၀၀ ဝန်းကျင်အထိ တင်ပို့ခဲ့ကြောင်း သိရသည်။ MT

*စာမျက်နှာ ၁၄ မှ*

ထည့်တွက်လာရပါတယ်။ အမြဲတမ်း ရေရှည်တိုးတက် အောင်မြင်ဖို့အတွက် အမြဲအခွင့်အလမ်းချည်းပဲ ရှာလို့မရဘူး။ ထိခိုက်နိုင်ခြေ (Risks) ကိုပါ ထည့်တွက်လာရတယ်။ ဆေးပညာခတ်ခွဲခန်း နည်းပညာဘက်မှာ Risk ကို တွက်ချက်တဲ့အရာဟာ မြန်မာဘာသာနဲ့ ရေးထားတာ နည်းသေးတယ်။ အင်္ဂလိပ်လို များပေမယ့် နည်းပညာအခေါ်အဝေါ် အယူအဆတွေဖြစ်တဲ့အတွက် ရှုပ်ထွေးတယ်၊ အဲဒါကို ရိုးရှင်းအောင် မြန်မာမှုပြုပေးတာပါ။ ကိုဗစ်ကာလအတွင်းမှာ စာစရေးရင်းနဲ့ ကိုယ်တတ်တဲ့ပညာကို ပြန်ပြီးတော့ မျှဝေတာပါ။ အခုလိုဆုရတဲ့အတွက်၊ အသိအမှတ်ပြုတဲ့အတွက်လည်း စာရေးဖို့ ပိုပြီးတော့ အားတက်မိတယ်၊ ခွန်အားလည်း ဖြစ်ပါတယ်။

**ဒေါ်ယဉ်ယဉ်မွန်**
**(ရှေးဟောင်းသုတေသန)**
**စာပေဗိမာန် သုတပဒေသာ(ဝိဇ္ဇာ)**
**ပထမဆု**

ဆရာမကတော့ သမိုင်းကြောင်းကို အခြေတည်ပြီးတော့ လက်ရှိအခြေအနေအထိ ကွင်းဆင်းပြီး ရေးသားထားတဲ့ **မြို့တည်နန်းတည်ကေတုမတီ(တောင်ငူ)** စာအုပ်နဲ့ ဆုရပါတယ်။ တပင်ရွှေထီး၊ ဘုရင့်နောင်၊ ရတုစာဆိုနတ်ရှင်နောင်တို့ရဲ့ တောင်ငူမြို့အကြောင်းကို ရေးထားတာပါ။ စာပေဗိမာန်ဆုကတော့ ဒါနဲ့ဆိုလေးဆုမြောက်ရရှိတာပါ။ ပထမဆုံး ဓမ္မစေတီစာအုပ်နဲ့ ၂၀၁၁ ခုနှစ်မှာ သုတပဒေသာ (ဝိဇ္ဇာ) တတိယဆုရခဲ့ပြီးတော့ ၂၀၁၃၊ ၂၀၂၀ နဲ့ အခုကတော့ ပထမဆုတွေချည်းပါ။ ကျွန်မတို့ ရှေးဟောင်းသုတေသနဆိုတာက ရှေးဟောင်းအမွေအနှစ် မြေပေါ်၊ မြေအောက်ပစ္စည်းတွေကို ထိန်းသိမ်းရတဲ့ဌာန ဖြစ်တယ်။ ဒီလိုလုပ်တဲ့အခါမှာ တစ်ဦးတစ်ယောက်၊ တစ်ဌာနတည်း လုပ်လို့မရဘူး၊ အများပြည်သူကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့ ပါဝင်မယ်။ ဥပမာ- ပျက်စီးနေတဲ့ ဘုရားစေတီတစ်ခုမှာ ပစ္စည်းတစ်ခုတွေ့တယ်ဆိုရင် ရှေးဟောင်းသုတေသနဌာနကို ပြည်သူတွေက ပူးပေါင်းပြီး သတင်းပို့မယ်ဆိုရင် ကိုယ့်ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ တခြားသူလက်ထဲရောက်မသွားနိုင်တော့ဘူး။ ဒါကြောင့်မို့ လူငယ်တွေရော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို မြတ်နိုးသူတွေအားလုံး ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဝိုင်းဝန်းကူညီကြပါလို့ တိုက်တွန်းချင်ပါတယ်။



ဒေါ်စုလှိုင်တင့်



ဒေါ်ယဉ်ယဉ်မွန်

**တွေ့ဆုံမေးမြန်း -**
**ခင်ရတနာ၊ ဇင်ဦး**
**ဓာတ်ပုံ- သီဟစည်သူ**

# ဆန်စက်မှထွက်ရှိသည့် စပါးခွံများကို လိုအပ်သည့်နေရာများတွင် ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်စေလို

နေပြည်တော် ဒီဇင်ဘာ ၁၃

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် တပ်ကုန်းမြို့ရှိ ရွှေပြည်သစ် အဆင့်မြင့်ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး လုပ်ငန်းကို သွားရောက်ကြည့်ရှုရာ ဆန်စက်တာဝန်ခံ ဦးဇော်မိုးက ဆန်စက်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆန်စက်မှထွက်ရှိသည့် စပါးခွံများကို လိုအပ်သည့်နေရာများတွင် ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ ဒေသတွင်း ပိုလျှံသည့် ဆန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငွေတောင်တောရကျောင်း၌ ရပ်မိ၊ ရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး နိုင်ငံတော်အနေဖြင့် ပြည်သူလူထု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တပ်ကုန်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ၊ တန်ဖိုးမြင့်ထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောက်ရွက် သွားကြရန်နှင့် ပြည်ပအစားထိုး ထုတ်ကုန်များ ထုတ်လုပ် အသုံးပြုနိုင်ရေး၊ နိုင်ငံတော်မှ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရပ်မိ၊ ရပ်ဖများ၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်း(၂) စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေး ကတ်များကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရိုးမလွင် ဆီစက်၌ ဆီစက်လည်ပတ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများကို ယခုထက် ပိုမို တိုးတက်ကောင်းမွန်သော လုပ်ငန်းကြီးများ ဖြစ်အောင် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြား၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခက်အခဲများအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ပဲတီစိမ်း၊ နေကြာ၊ မြေပဲ၊ စပါးမျိုးစေ့များ ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ အေးချမ်းသာစံပြကျေးရွာရှိ လူထုဖွံ့ဖြိုးရေးစင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် ဆင်းရဲမှုလျှော့ချရေး စံပြကျေးရွာစီမံကိန်း တည်ထောင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်ရက်ကန်းအလုပ်ရုံကိုလည်းကောင်း၊ တရော်ပင်အင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဌာနများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

# ဘားအံ၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်း

**ဘားအံ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး ကော်မတီနှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်း လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၂ ရက်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဘားအံ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းဆင်း သင်တန်းသားသင်တန်းသူများ အနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသော သင်ခန်းစာများကို အသုံးချ၍ မိမိရပ်ရွာအကျိုး၊ ပြည်နယ်အကျိုးကို ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ သင်ကြားပေးလိုက်သည့် အသိပညာအတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်မှ ရရှိသော အသိပညာ၊ ဗဟုသုတများဖြင့် ပေါင်းစပ်ကာ မိမိတို့၏ စိတ်ကူး စိတ်သန်း အကြံဉာဏ်များ ဖြည့်စွက်၍ တီထွင်ကြံဆလုပ်ကိုင်နိုင်ခြင်းဖြင့် ရပ်ရွာအကျိုး၊ ဒေသအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူးက သင်တန်းများ ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် သင်ကြားပို့ချချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ထူးချွန် သင်တန်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းဆင်း သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး သင်တန်းဆင်း လက်ရာများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် သန်လျင်၌ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးတို့၏ ကြီးကြပ်မှုဖြင့် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး (Kaeru Caravan) အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် သန်လျင်ခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမိုးနိုင်က အမှာစကားပြောကြားပြီး သန်လျင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက အသိပညာပေးအစီအစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ် ကာကွယ်တုံ့ပြန်နိုင်ရေး လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှစတင်၍ ခရိုင်နယ်မြေများအလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်/ကျေး ၂၀ မှ ပြည်သူ ၆၅၀၊ တွံတေးမြို့နယ် ရပ်/ကျေး ၄၃ ခုမှ ပြည်သူ ၅၅၇ ဦး၊ လသာမြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၃၈ ဦး တက်ရောက်၍စုစုပေါင်း ၁၆၄၅ ဦး လက်တွေ့စမ်းသပ်မဲပေးလေ့လာမှုများ ဆောင်ရွက်ကြသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၁၄ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ တွံတေးမြို့နယ်နှင့် လသာမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့် တွန်းဇံမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်ထိ) ပို့ကုန် ကန်ဒေါ်လာ ၀ ဒသမ ၈၁၈ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၃ ဒသမ ၀၅၇ သန်း၊ ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၃ ဒသမ ၈၇၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး ၈၈ တန်၊ ကြက်သွန်နီ ၁၅ တန်၊ လိမ္မော်သီး ၁၃ ဒသမ ၂ တန်နှင့် စက္ကူဖြတ်စ ၂၄ တန်တို့ တင်ပို့နိုင်ခဲ့သည်။

တာချီလိတ် ကုန်သွယ်ရေးစခန်းမှ စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ဓာတ်ဆီ၊ ဒီဇယ်၊ မီးခံအုတ်၊ ကွန်ကရစ်အမိုးပြား၊ ဘိလပ်မြေ၊ မျက်နှာကြက်ပြား၊ ကြွေပြား၊ ဘိလပ်မြေ၊ မှန်ချပ်၊ ပလတ်စတစ်ခြင်းနှင့် ဆပ်ပြာတို့ တင်သွင်းခဲ့သည်။

ထိုင်းနိုင်ငံသုံး ဘတ်ငွေလဲနှုန်းအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်တွင် ကျပ်တစ်သိန်းလျှင် ၁၀၁၅ ဘတ်ဖြစ်ပေါ်ခဲ့သည်။ **(DOT တာချီလိတ်)**

# ကံမမြို့နယ်မှ ထွက်ရှိသည့် ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်းရှိလိပ်ဒုံး၊ ပြောင်ကျ၊ ပယ်ကျ၊ ဒန်းကိုင်း၊ ထန်းတပင်၊ ရွှေစင်၊ အလယ်ရွာ စသည့်ကျေးရွာများတွင် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုဝင်ဘာလကုန်အထိ ပဲသီးနှံစိုက်ပျိုးမှုအနေဖြင့် ပဲတီစိမ်းသီးနှံ ၂၀၃၆ ဧကနှင့် မတ်ပဲသီးနှံ ၂၁၉၉၅ ဧက အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပဲသီးနှံဈေးနှုန်းများအနေဖြင့် နိုဝင်ဘာလ (စတုတ္ထပတ်) တွင် ပဲတီစိမ်းသီးနှံ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၇၅၇၅၀-၇၆၅၀၀၊ မတ်ပဲသီးနှံ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၃၀၅၀၀ စသည့်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒီဇင်ဘာလ (ပထမပတ်)တွင် ပဲတီစိမ်း ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၈၀၂၅၀၊ မတ်ပဲ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင်ကျပ် ၁၃၆၅၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်၍ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ တင်ပို့မှုအနေဖြင့် တစ်ရက်လျှင် ပဲတီစိမ်းအိတ်ရေ ၃၀ မှ ၇၀ ခန့်၊ မတ်ပဲအိတ်ရေ ၂၀ မှ ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသတွင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာလ ၁၂ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးမှုန့်တစ်တန်လျှင် ၉၀၂ ဒေါ်လာနှုန်းဖြင့် တန် ၉၅၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၈၅၇ သန်းနှင့် ငါးကြိတ်သားတစ်တန်လျှင် ၁၈၂၂ ဒေါ်လာနှုန်းဖြင့် ၂၇ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၄၉ သန်းတို့ကို အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် ကျပ်/ဘတ်ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၉၇ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**(DOT မြိတ်)**

# မုံရွာမြို့နယ် ကွမ်းဈေးနှုန်းများ မြင့်တက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးများကြသည်။

မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းမှာ နိုဝင်ဘာလတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒီဇင်ဘာလ (ဒုတိယပတ်) တွင် အရည်အသွေးအပေါ်မူတည်၍ ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀-၁၀၀၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဆောင်းရာသီတွင် ကွမ်းအထွက်နှုန်းလျော့နည်းပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးကာ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**DOCA (စစ်ကိုင်း)**

## ၁၃-၁၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၉၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၅၇၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၂၃၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၇၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၃၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၂၅၀ | | ၄၆၀၀ | ၁၆၀၀၀ | ၅၂၅၀ | ၁၃၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၀၀၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၄၇၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၂၀၀ | ၅၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၁၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၁၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၅၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ် သင်္ကန်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝထိခိုက်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အရပ်သားများ နေထိုင်ရာရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိကအဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဆက်သွယ်ရေး တာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားပေးတာဝါတိုင်များ၊ စက်ရုံများကို ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။



50 MVA ကြွေသီး နှစ်လုံးပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မြဝတီမြို့နယ် သင်္ကန်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံကို Drone ဖြင့် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် ဓာတ်အားခွဲရုံရှိ 50 MVA Main Transfromer ၏ Generator Circuit Breaker ၊ အအေးခံကိရိယာနှင့် ကြွေသီး နှစ်လုံး၊ 20 MVA Main Transfromer ၏ အအေးခံကိရိယာများ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး မြို့နယ်အတွင်း ဒေသခံပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားပေးပို့မှု ပြတ်တောက်လျက်ရှိကြောင်းနှင့် အဆိုပါပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



50 MVA Generator Circuit Breaker ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



50 MVA Generator Circuit Breaker ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



50 MVA အအေးခံကိရိယာ ပေါက်ပြဲမှု မှတ်တမ်းဓာတ်ပုံ။



20 MVA အအေးခံကိရိယာ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် အကြမ်းဖက်မှု ချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ဓားစာခံအဖြစ်အဖမ်းခံထားရသည့် မိဘမဲ့ဂေဟာက ကလေး ၃၅ ဦးနှင့် တာဝန်ရှိသူ လေးဦးကို ဒေသကာကွယ်ရေးတပ်ဖွဲ့များ ပြန်ကယ်ထုတ်နိုင်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့ရှိ မိဘမဲ့ဂေဟာမှ ကလေးငယ် ၃၅ ဦးနှင့် တာဝန်ရှိသူ လေးဦးကို တပ်မတော်မှ ဓားစာခံအဖြစ်ဖမ်းဆီးထားသဖြင့် ဒေသကာကွယ်ရေးတပ်ဖွဲ့များက ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည်ဟု မဟုတ်မမှန်ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ ဒေသခံတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာ "သတင်းအမှားသာဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ မည်သည့်အခါမျှ ပြည်သူလူထုကို အနိုင်ကျင့်ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်မှုမရှိပါကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း" သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စု ပန်းချီကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် သုံးဦး ပစ်ခတ်ခံရပြီး နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန် သတင်းအမှားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စု ပန်းချီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် သုံးဦး ပစ်သတ်ခံရပြီး နေအိမ် ၃၀ ကျော်အား မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ဒီဇင်ဘာ ၁၂ ရက်တွင် ပန်းချီကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာအတွင်း ဝင်ရောက်စီးနင်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ တပ်မတော်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ပြည်သူလူထုထိခိုက်နစ်နာစေမည့်လုပ်ရပ်များကို မည်သို့သောအခါမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဒေသခံပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်း၍ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးဆောင်ရွက်နေမှုကို ထိခိုက်စေရန်အတွက် မဟုတ်မမှန်လုပ်ကြံ၍ သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်စွပ် ၂၆ ကွင်း၊ ပုတီးဆွဲကြိုး ၁၆ ခု အပါအဝင် လက်ဝတ်ရတနာ ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၇၅၀၀၀) ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Gano Fresh သွားတိုက်ဆေးဘူး ၆၀၀၊ Gano Cafe' ကော်ဖီမှုန့် ၂၁၆ ဘူး၊ ဖြည့်စွက်စာ Scotts Cool Liver Oil ၇၈ ကီလိုဂရမ်၊ Cuka Kayu Asli စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး ၁၂ ကီလိုဂရမ်၊ စားပွဲတင်ပန်ကာ အလုံး ၄၀၀ အပါအဝင် ကုန်ပစ္စည်း ၃၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၅၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် CHNT 250V 6KA Breaker ၄၂၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၆၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၂၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့အပြင် ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၂)နယ်မြေ၌ တရားမဝင် အခြားသစ် ၆ ဒသမ ၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၇၇၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိမှု အမှုတွဲ ၁၁ မှု**

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၂၃၇၇၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Sai Tay Za" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ Grand Master အရက်ချက်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် အက်ကြီးကျေးရွာနေ ရဲပြည့်စုံအား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Phyo thiri(Smile)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်နေ သွယ်သွယ်ဖြိုး အား ည ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား အရေးယူမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာမဆိုင်ရာကိစ္စများ အဓမ္မခိုင်းစေခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကာမဆိုင်ရာကိစ္စများအား အဓမ္မခိုင်းစေခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မသင်းသင်းနိုင်၊ တစ်မြို့နယ်တည်းနေ မသဒ္ဒါမောင်မောင်နှင့် မဟာအောင်မြေမြို့နယ်နေ ကိုဗညားထောလဝီ(ခ)ဗညားတို့က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်နေ မ ---၊ ၂၂ နှစ်အား မန္တလေးမြို့ရှိ စင်တင်တစ်ခုတွင် မော်ဒယ်ရှိုးလျှောက်ရမည်ဟု စည်းရုံးကာ ကြိုတင်ငွေများပေးပြီး ကာမဆိုင်ရာကိစ္စများ အဓမ္မခိုင်းစေခဲ့သဖြင့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်နယ်မြေရဲစခန်း (ပ) ၁၂၂/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် တရားခံ မသင်းသင်းနိုင်၊ ကိုဗညားထောလဝီ(ခ)ဗညားနှင့် မသဒ္ဒါမောင်မောင်တို့ သုံးဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် ည ၁၀ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) လားရှိုး-မန္တလေးသွားကားလမ်းတွင် ကျော်မင်းမင်းထွန်း(ခ)ဖိုးကျော် မောင်းနှင်လာသည့် TOYOTA MARK-II မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်မင်းမင်းထွန်း(ခ)ဖိုးကျော် (၄၀) နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **(အောက်ပုံ)** **သတင်းစဉ်**




မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

# ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၃ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀ ကျပ် | ၂၃၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၆၅ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၇၅ ကျပ် | ၂၆၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၀၁ | ၈၇၈၇၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၂၇၅ | ၆၅၉၇၅၀၀ |
| MCB | ၇၄၀၀ | ၇၅၀၀ | ၁၀၇ | ၇၉၂၅၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၄၃၅ | ၃၈၉၅၉၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁ | ၂၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၆၄ | ၇၇၀၈၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၂၁၇ | ၃၆၈၉၀၀ |

ညီညီ - စုစည်းသည်

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ငွေးချိုကျေးရွာနေ ဆလိုင်းနေကျော် ၈/အလန(နိုင်)၁၄၁၁၄၀၏ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့နံပါတ် MF 728190 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၀၄၈၀၆၃

### ပျောက်ဆုံးကြောင်း

(ဘ) ဦးလှအောင် ၏ သမီး ကျွန်မ မတင်တင်အေး ၉/တသန (နိုင်) ၁၉၁၆၂၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (MG 237599F) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉ ၄၂၀၀၁၇၀၄၆

## အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ပထမအကျော့အပြီးတွင် Divine အသင်း ဦးဆောင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

MFF Women's Futsal Championship 2023 ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၃ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Divine အသင်းက ရန်ကုန်လူငယ်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ Divine အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို နှစ်မိနစ်တွင် အေးအေးထွေး၊ ကိုးမိနစ်တွင် ဖွန်းသဲဦး၊ ၁၁ မိနစ်တွင် ဖြူဖြူကျော်၊ ၂၄ မိနစ်တွင် ခိုင်သဇင်ဦး၊ ၃၅ မိနစ်တွင် ဖူးပွင့်ခိုင်နှင့် ၃၇ မိနစ်တွင် နှင်းစန္ဒာလှိုင်တို့က သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် Divine အသင်းနှင့် YRG အသင်းတို့က ခုနစ်မှတ်စီတူညီနေသော်လည်း Divine အသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ ယင်းနှစ်သင်းနောက်တွင် ရန်ကုန်လူငယ်အသင်းက သုံးမှတ်ရထားပြီး Burmese Bees အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## Naypyitaw State Academy
## အမှုထမ်းရာထူးများ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် လျှောက်လွှာပုံစံကို www.moe.gov.mm တွင် Download ရယူ၍ ဖြစ်စေ၊ Naypyitaw State Academy တွင် အခမဲ့ရယူ၍ ဖြစ်စေ (၅-၁-၂၀၂၄)ရက် (သောကြာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ဖြင့် Naypyitaw State Academy သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူးအမည် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|
| က | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | အင်ဂျင်နီယာဘွဲ့(သို့မဟုတ်)<br>- ဘွဲ့တစ်ခုခုရရှိပြီး AGTI ဒီပလိုမာ ရရှိသူ ဖြစ်ရမည်။ |
| ခ | အငယ်တန်းစာရေး<br>စာရင်းကိုင်(၄)<br>ပစ္စည်းထိန်း(၄)<br>စာကြည့်တိုက်လက်ထောက်(၄)<br>ဒု-လက်ထောက်ကြီးကြပ်ရေးမှူး<br>ဓာတ်ခွဲခန်းကျွမ်းကျင်(၄)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။<br>- |
| ဂ | ဒု-လက်ထောက် ကွန်ပျူတာ လုပ်ဆောင်ရေးမှူး<br>ဒု-လက်ထောက် ကွန်ပျူတာ စီစဉ်ရေးမှူး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - အခြေခံပညာ အထက်တန်း အောင်မြင်ပြီးကွန်ပျူတာကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိသူ ဖြစ်ရမည်။<br>- |
| ဃ | လျှပ်စစ်ကျွမ်းကျင်(၄)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - အခြေခံပညာ အထက်တန်းအောင် (သို့မဟုတ်) စက်မှုလက်မှု အထက်တန်းအောင် (သို့မဟုတ်)ETEC ရရှိသူ ဖြစ်ရမည်။ |
| င | ယာဉ်မောင်း(၄)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ ဖြစ်ရမည် ။<br>- ယာဉ်မောင်း လိုင်စင်(ခ) ရှိသူဖြစ်ပြီး ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၂)နှစ် ရှိသူ ဖြစ်ရမည်။ |
| စ | စက်မောင်း(၄)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ ဖြစ်ရမည်။ |
| ဆ | အမှုတွဲထိန်း<br>စာကြည့်တိုက်လက်ထောက်(၅)<br>ဓာတ်ခွဲခန်းကျွမ်းကျင်(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | - အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| ဇ | စာကူးစက်လှည့်အကူ<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | - အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ ဖြစ်ရမည်။ |
| ဈ | ယာဉ်မောင်း(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | - အခြေခံပညာ အလယ်တန်း အဆင့်ရှိသူဖြစ်ရမည်။<br>- ယာဉ်မောင်း (ခ) လိုင်စင်ရှိပြီး ယာဉ်မောင်းကျွမ်းကျင် သူ ဖြစ်ရမည်။ |
| ည | ရုံးအကူ/စာပို့<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | - အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ ဖြစ်ရမည်။ |
| ဋ | အစောင့်<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | - အခြေခံပညာ မူလတန်းအဆင့်ရှိသူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၄၀ နှစ်ထက် မကျော်လွန်သူ၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ရာထူးအလိုက် သက်ဆိုင်ရာလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(င) မိမိလျှောက်ထားလိုသော ရာထူးတစ်မျိုးကိုသာ ဆန္ဒပြု လျှောက်ထားရမည်။

(စ) အနည်းဆုံး လုပ်သက် (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေ ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) ကို ပေးလျော်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းမှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်း များသည် အထက်ဖော်ပြပါရာထူးများတွင် တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန် ထမ်းဆောင်နေသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ခွင့်ပြုချက်ကို ပူးတွဲတင်ပြ လျှောက်ထားနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြ လျှောက်ထားနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်ဓါတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအတွက် ဘွဲ့လက်မှတ်/ ထောက်ခံစာ/ အထောက်အထား မိတ္တူ

(ဂ) အသက် အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/ ကျောင်းထောက်ခံစာ မိတ္တူ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါအထောက်အထား (မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(ဆ) (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုနှင့် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် Naypyitaw State Academy တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုရမည်။ ဖြေဆိုခွင့်ကတ်ပြားများကို (၈-၁-၂၀၂၄) ရက်နေ့တွင် Naypyitaw State Academy ၌ ထုတ်ယူရပါ မည်။

| စဉ် | ဘာသာရပ်(ရေးဖြေ) | နေ့ရက်အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၉-၁-၂၀၂၄) နံနက်(၉)နာရီမှ (၁၀)နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၉-၁-၂၀၂၄) နံနက်(၁၀)နာရီမှ (၁၁)နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၉-၁-၂၀၂၄) နံနက်(၁၁)နာရီမှ (၁၂)နာရီထိ |

၈။ လူတွေ့စစ်ဆေးခြင်းအား Naypyitaw State Academy တွင်(၁၀-၁-၂၀၂၄) ရက်နေ့တွင် ပြုလုပ်မည် ဖြစ်ပါသည်။

၉။ သက်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy၊ စီမံ/ဘဏ္ဍာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇-၈၁၀၃၅၀၅ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**Naypyitaw State Academy**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေ အသုံးပြု၍ ရုံးသုံးစာရေးကိရိယာများ၊ Printer Catridges များနှင့် Copier Catridges များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သက်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.17, Stationery(2023-2024)

**တင်ဒါစတင်သည့်ရက်** - ၁၃-၁၂-၂၀၂၃ ရက်

**တင်ဒါပိတ်သိမ်းမည့်** - ၂၇-၁၂-၂၀၂၃ ရက်၊

**ရက်နှင့်အချိန်** မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ( ၁၃ )ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနတို့တွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်းစာရေးရာထူး (၁၉) နေရာ အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့် (၈.၁.၂၀၂၄)ရက်နေ့၌ အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက (၄၀) နှစ်ထက်မကျော်လွန်သူ) ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

(င) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။

(စ) မြန်မာ့မီးရထားတိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာနမူနာပုံစံအတိုင်း လျှောက်ထားရမည်။ လျှောက်လွှာကို မြန်မာ့မီးရထား၊ရုံးချုပ်၊သွားလာပို့ဆောင်ရေးဌာန၊နေပြည်တော်ဘူတာကြီးသို့ ပေးပို့လျှောက်ထားရမည်။

၃။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)၊

(ခ) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာ တက်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထား(မိတ္တူ)များ၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ် ရေးမှူး ထောက်ခံချက်(မူရင်း)

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)။

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား(ရုံးချုပ်)သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့ လိပ်မူ၍ (၈.၁.၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျပေးပို့ရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၉.၁.၂၀၂၄)ရက်နေ့ နံနက် (၀၉:၀၀) နာရီမှ ညနေ(၁၆:၀၀) နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသား စိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များနှင့်အတူ လာရောက်ထုတ်ယူရမည်။

၆။ ရေးဖြေစာမေးပွဲကို မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော် ဘူတာကြီးတွင် (၁၀.၁.၂၀၂၄) ရက်နေ့ နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရေးဖြေစာမေးပွဲ ( မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတမေးခွန်းလွှာ)အား ဖြေဆိုခြင်း၊ ရေးဖြေအောင်မြင်သူများအား ကာယကံရှင်များထံ အသိပေးသွားမည်ဖြစ်ပြီး အောင်မြင်သူများအား (၁၁.၁.၂၀၂၄)ရက်နှင့် (၁၂.၁.၂၀၂၄) ရက်နေ့တွင် လူတွေ့စစ်ဆေး ခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ပါသည်။

၇။ ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် ဆေးစစ်ဆေးမှုပြုလုပ်ပြီး ဆေးစစ်အောင်မြင်သူများကိုသာ ခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်၊ တယ်လီဖုန်းနံပါတ်၊ ၀၆၇-၇၇၁၀၄ / ၇၇၀၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အစည်းအဝေးကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို (၈၄) လမ်းရှိ အသင်းစုချုပ် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ် ၂၇ ခုမှ ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများ တက်ရောက်ကြပြီး သဘာပတိ တိုင်းအသင်းစုချုပ်ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းစုချုပ်၏ လုပ်ငန်းအစီရင်ခံစာ၊ အမြတ်ခွဲဝေမှုစာရင်းနှင့် စာရင်းစစ်အစီရင်ခံစာအပေါ် အရေးယူဆောင်ရွက်ချက်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် ရသုံးမှန်းခြေငွေစာရင်း စသည်တို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်း၊ ရှေ့လုပ်ငန်းစဉ်များ၊ ရသုံးမှန်းခြေငွေစာရင်းများကို ဆွေးနွေးအတည်ပြုကြသည်။ ထို့နောက် အခြေခံပညာအထက်တန်းတွင် နှစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မခင်မြတ်နိုင် (ပြည်ကြီးတံခွန်မြို့နယ်) အား ဂုဏ်ပြုလက်ဆောင်ကို ဗဟိုသမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးစန်းလွင်က ပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ထွဏ်းလှအောင် (မန္တလေး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ တင်ဒါခေါ်ယူဆောင်ရွက်မည့် ဇမ္ဗူသီရိမြို့၊ ပျဉ်းမနား-တောင်ညိုလမ်းဘေး၊ မင်္ဂလာကန်အမှတ်(၂)ပတ်လမ်းတွင် ကွန်ကရစ်ဘလော့တုံးခင်းခြင်းလုပ်ငန်း(၂၁၀၀' x ၁၂')Lot (၁)ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၂၃ ရက်

**တင်ဒါပုံစံ ပိတ်မည့်ရက်** - ၂၇-၁၂-၂၀၂၃ ရက် (၁၆:၀၀)နာရီ

**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်း စုံစမ်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





[illegible]

## ၁၃-၁၂-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နာမည်/နေရပ် | အလှူငွေ (ကျပ်) | စဉ် | နာမည်/နေရပ် | အလှူငွေ (ကျပ်) | စဉ် | နာမည်/နေရပ် | အလှူငွေ (ကျပ်) |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

## စစ်ကိုင်းတက္ကသိုလ်
## ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

စစ်ကိုင်းတက္ကသိုလ်၏ ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပမည် ဖြစ်ပါသည်။ (၂၀၁၉-၂၀၂၀)၊ (၂၀၂၀-၂၀၂၁) နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များ၏ နေ့သင်တန်းမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ရရှိသူများနှင့် (၂၀၁၉)၊ (၂၀၂၁) နှင့် (၂၀၂၃) ပညာသင်နှစ်များ၏ အဝေးသင်သင်တန်းမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသူများသည် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - ၁၅-၁၂-၂၀၂၃ ရက်နေ့မှ ၁၅-၁-၂၀၂၄ ရက်နေ့အထိ |

(၁) သတ်မှတ် ဘွဲ့လျှောက်လွှာပုံစံ ဖြည့်စွက်ပြီးလျှောက်ထားရမည်။
(၂) လွန်ခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံစနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော (၁.၅" x ၂") အရွယ်ရှိ ကပ်ခွာ(sticker)လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင် မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်း နိုင်ပါသည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို စစ်ကိုင်းတက္ကသိုလ် ငွေကိုင်ဌာနတွင်ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှဘွဲ့နှင်းသဘင်ကြေးပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည် ဖြစ်ပြီးငွေပို့လွှာအောက်ခြေတွင် ''ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း''ဟု ဖော်ပြရမည့်အပြင် ပါမောက္ခချုပ်၊ စစ်ကိုင်းတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ လျှောက်ထားလိုသည့်ဘွဲ့၊ စာမေးပွဲ အောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကိုလည်း တိကျစွာ ဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ စနစ်တကျ ဝတ်ဆင်၍ တက်ရောက်ရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့် အချိန်မှသာ ကာယကံရှင်ကိုယ်တိုင် မှတ်ပုံတင်မူရင်းပြ၍ ထုတ်ပေးမည် ဖြစ်ပါသည်။
(၇) ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
(၈) ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

**အပိုင်း (က) နေ့သင်တန်းများအတွက် အပ်နှင်းမည့်အစီအစဉ်**

**အစမ်းလေ့ကျင့်ရက်** (၂၅-၁-၂၀၂၄)ရက် နံနက်(၈:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ) |
| | မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊) |
| | သိပ္ပံဂုဏ်ထူးဘွဲ့(ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ) |
| | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ)/မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (ပထဝီဝင်၊ သမိုင်း၊ အရှေ့တိုင်းပညာ) |
| | သိပ္ပံဂုဏ်ထူးဘွဲ့ (ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ပထဝီဝင်) |
| | မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (ပထဝီဝင်၊ သမိုင်း)/သိပ္ပံဂုဏ်ထူးဘွဲ့ (ရူပဗေဒ၊ သင်္ချာ) |
| | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ) |
| | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပထမပိုင်း** (၂၆-၁-၂၀၂၄)ရက် နံနက်(၈:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ) |
| | မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊) |
| | သိပ္ပံဂုဏ်ထူးဘွဲ့(ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ) |
| | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ဒုတိယပိုင်း** (၂၆-၁-၂၀၂၄)ရက် မွန်းလွဲ(၂:၀၀)နာရီ

| | |
|---|---|
| ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ)/မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ အရှေ့တိုင်းပညာ) |
| | သိပ္ပံဂုဏ်ထူးဘွဲ့ (ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ပထဝီဝင်) |
| | မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| | ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (ပထဝီဝင်၊ သမိုင်း)/သိပ္ပံဂုဏ်ထူးဘွဲ့ (ရူပဗေဒ၊ သင်္ချာ) |
| | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ) |
| | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |

**အပိုင်း (ခ) အဝေးသင်သင်တန်းများအတွက် အပ်နှင်းမည့်အစီအစဉ်**

**အစမ်းလေ့ကျင့်ရက်** (၂၇-၁-၂၀၂၄)ရက် နံနက်(၈:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ) |
| ၂၀၁၉ ပညာသင်နှစ် | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ) |
| ၂၀၁၉ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ၊ ပထဝီဝင်) |
| ၂၀၁၉ ပညာသင်နှစ် | သိပ္ပံဘွဲ့ ( သတ္တဗေဒ၊ ရုက္ခဗေဒ) |

**အစမ်းလေ့ကျင့်ရက်** (၂၇-၁-၂၀၂၄)ရက် မွန်းလွဲ(၂:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့ (သမိုင်း) |
| ၂၀၂၁ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ) |
| ၂၀၂၁ ပညာသင်နှစ် | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| ၂၀၂၃ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ) |
| ၂၀၂၃ ပညာသင်နှစ် | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပထမပိုင်း** (၂၈-၁-၂၀၂၄)ရက် နံနက်(၈:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ) |
| ၂၀၁၉ ပညာသင်နှစ် | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ) |

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ဒုတိယပိုင်း** (၂၈-၁-၂၀၂၄)ရက် မွန်းလွဲ(၂:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ၊ ပထဝီဝင်) |
| ၂၀၁၉ ပညာသင်နှစ် | သိပ္ပံဘွဲ့ ( သတ္တဗေဒ၊ ရုက္ခဗေဒ) |

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်တတိယပိုင်း** (၂၉-၁-၂၀၂၄)ရက် နံနက်(၈:၀၀)နာရီ

| | |
|---|---|
| ၂၀၁၉ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့ (သမိုင်း) |
| ၂၀၂၁ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ) |
| ၂၀၂၁ ပညာသင်နှစ် | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်စတုတ္ထပိုင်း** (၂၉-၁-၂၀၂၄)ရက် မွန်းလွဲ(၂:၀၀)နာရီ

| | |
|---|---|
| ၂၀၂၃ ပညာသင်နှစ် | ဝိဇ္ဇာဘွဲ့(မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ) |
| ၂၀၂၃ ပညာသင်နှစ် | သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |

(၉) ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့်အတူ ဘွဲ့နှင်းသဘင်ကြေး ငွေသွင်းပြေစာပြလျက် ဘွဲ့ဝတ်စုံများကို(၁၈-၁-၂၀၂၄)ရက်မှ (၂၄-၁-၂၀၂၄)ရက်အထိ နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ဘွဲ့ဝတ်စုံထုတ်ပေးသည့်နေရာတွင် ထုတ်ယူနိုင်ပါသည်။

**မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**စစ်ကိုင်းတက္ကသိုလ်**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အသင်း၏ Core Structure ပြန်လည်သုံးသပ် ပြင်ဆင်ခြင်းဆိုင်ရာ အတိုင်ပင်ခံ (Consultancy Service for Revision of Core Structure of Myanmar Red Cross Society) ငှားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** - ၄-၁၂-၂၀၂၃ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၁၈-၁၂-၂၀၂၃ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးသန်းဇော်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၄၂၀၀၉၇၄၀၉

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**




## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက (ညောင်ခါးရှည်) Grade-10(C) မှ မောင်ဖိုးလပြည့်၏ မိဘအမည်မှန်မှာ ဦးဝဏ္ဏ ၇/ဝမန (နိုင်)၁၄၇၇၁၈ - ဒေါ်အေးမြတ်မိုး ဖြစ်ပါကြောင်း။

**ဦးဝဏ္ဏ-ဒေါ်အေးမြတ်မိုး**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (ညောင်ခါးရှည်) Grade-10(C) မှ မောင်ငြိမ်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကြင်စိုး ၇/ဝမန (နိုင်) ၀၅၇၂၃၁ ဖြစ်ပါကြောင်း။

**ဦးကြင်စိုး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂/မြောက်ကုန်း)၊ ဦးပိုင်အမှတ်(၁၀၁)၊ ဧရိယာ(၀ဒသမ၀၈၉)ကေရှိ မြေအား မလွန်ဆန်လှုအသင်း မြေနေရာအဖြစ် အသုံးပြုရန်အတွက် ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးကြည်လင်(ခ)ဦးကိုကိုကြီးမှ မလွန်ဆန်လှုအသင်း အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ဘလူခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာဥပဒေ/နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကန့်ဘလူမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/6561 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## အများသိစေရန်ကြေညာခြင်း

မြင်းခြံမြို့၊ အမှတ် (၂)ရပ်ကွက်၊ နယ်မြေ (၄)နေ ကျွန်တော် ဦးမျိုးမင်း (၅/မမန(နိုင်)၀၅၇၃၈၂)နှင့် ကျွန်မ ဒေါ်မြနှင်းအေး (၉/မခန(နိုင်)၁၉၉၂၅၈) တို့၏ သမီးဖြစ်သူ မအင်ကြင်းနွေ (၉/မခန(နိုင်)၃၀၃၄၂၃)သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်း၊ မိဘ၏ပြောဆိုဆုံးမစကားများအား နားထောင်ခြင်းမရှိသည့်အပြင် မိမိအလိုအလျောက် (၂၆-၁၀-၂၀၂၃)ရက်မှစ၍ နေအိမ်မှ ထွက်သွားခဲ့ပါသည်။ ယနေ့ (၄-၁၂-၂၀၂၃)ရက်မှစ၍ သမီးဖြစ်သူ မအင်ကြင်းနွေအား သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းများ သည်းခံပါရန်အတွက် ကျွန်တော်၊ ကျွန်မတို့မှ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်း-ဒေါ်မြနှင်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၂၈/၁၇-၅-၂၀၂၃)**
**အမှတ် (၁၃)ရပ်ကွက်၊ မြင်းခြံမြို့၊**
**ဖုန်း-၀၉-၉၆၆၈၀၄၃၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/95713, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်ခေါင်ဦး ၅/မကန(နိုင်) ၀၈၈၅၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/47313, Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးအောင်မျိုးမြတ် ၅/မရန(နိုင်) ၂၉၅၃၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## လေလံလျှောက်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ အောက်ပါမြေနှင့် အဆောက်အအုံများအား လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်-

မကွေးမြို့၊ ဈေးလယ်စိုးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ မြေကွက်အမှတ် (၂/၁၃)ရှိ မြေဧရိယာ (၀.၀၂၈)ကေနှင့် အဆိုပါမြေပေါ်ရှိ အာယားတိုက်တစ်ထပ်အဆောက်အအုံ ပေ (၄၀x၂၀x၂၀)နှင့် မြေကွက်အမှတ် (၂/၁၄)ရှိ မြေဧရိယာ (၀.၀၇၂)ကေနှင့် အဆိုပါမြေပေါ်ရှိ အာယားတိုက်နှစ်ထပ် အဆောက်အအုံ ပေ (၃၀x၃၀x၂၄)

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်-

ဖုန်း-၀၉-၄၅၀၅၀၇၇၅၈

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/ အကွက် အမှတ်နှင့်အမည်- (၆-B/ ဆာပါရန်ကင်း-၂)၊ ဦးပိုင်အမှတ်-(က၊ ၇၃/၂၄)၊ မြေဧရိယာ (၀.၀၈၀) ကေရှိ မြေသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ Serial No. 430/V/1998 (Thayet) အရ (၂၃-၇-၁၉၉၈) ရက်နေ့မှ (၂၂-၇-၂၀၂၈) ရက်နေ့အထိ ဒေါ်ရှုစန်း(ခ)ဒေါ်ခင်စန်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသောမြေဖြစ်ပြီး ဦးဇော်ကိုကို + ဒေါ်ဇာဇာဦးတို့မှ အောင်လံမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-(၃၆/၂၀၂၂) ဖြင့် အိမ်ခြံမြေအား နှစ်ဦးသဘောတူအပြီးအပိုင် ရောင်းချဝယ်ယူသည့်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဦးဇော်ကိုကို + ဒေါ်ဇာဇာဦးတို့က ၎င်းတို့အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/ အကွက် အမှတ်နှင့် အမည်- (၂၄/ ရွာထောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ(၀.၀၉၁)ကေရှိ မြေသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်- Serial No.(46/96-97) အရ (၂၅-၆-၁၉၉၆) ရက်နေ့မှ (၂၄-၆-၂၀၂၆)ရက်နေ့အထိ ဦးဝင်းအောင် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသော မြေဖြစ်ပြီး ဒေါ်ငယ်ငယ်ငြိမ်းမှ အောင်လံမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- (၂/၂၀၂၃) ဖြင့် မြေချိန်ဧရိယာ(၀.၀၉၁) ကေအနက်မှ (၀.၀၄၅) ကေအား နှစ်ဦး သဘောတူ အပြီးအပိုင် ရောင်းချဝယ်ယူသည့် စာချုပ်ချုပ်ဆို၍ဝယ်ယူခဲ့ပြီး ဒေါ်ငယ်ငယ်ငြိမ်းမှ ၎င်းအမည်ဖြင့် ခွဲစိတ်အမည်ပြောင်း ထုတ်ပေးပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၃)၊ (၃) ကွက်၊ ဟော်ကုန်းရပ်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၅၆/က) နေ မောင်မိုးခန့်အောင် ၉/ပဥလ(နိုင်)၀၇၈၆၁၆ (ဘ)ဦးထွန်းမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ မောင်မိုးခန့်အောင်နှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေးနေ (ဦးဝါဟစ်)-ဒေါ်နီနီမာတို့၏သမီး မနဒီထွန်းတို့သည် (၂၇-၃-၂၀၁၇)ရက်တွင် အစ္စလာမ်ဘာသာရေးအရ ထိမ်းမြားဘိတ်သိပ်မင်္ဂလာကျင်းပခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် နှစ်ဦးစိတ်သဘောထားခြင်း မတိုက်ဆိုင်တော့သဖြင့် အစ္စလာမ်ဘာသာရေးအရ ကွာရှင်းခြင်းသလက်ပေး၍ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ မောင်မိုးခန့်အောင်နှင့် မနဒီထွန်းတို့မှာ တစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်ခြင်း မရှိသလို မောင်မိုးခန့်အောင်သည် မည်သည့်အမျိုးသမီးနှင့်မျှ ယခုအချိန်ထိ ထပ်မံလက်ထပ်ထိမ်းမြား ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကုမ္မေထွန်း(LL.B)** | **ဦးချန်းချန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၅၉၆)** |

**အမှတ်(၂၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉- ၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဟုမ္မလင်းမြို့နယ်၊ အထက ကက်သာကျောင်း Grade-9 မှ မခင်သီဂီဇော်အား မသန့်ရတနာစုဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက (ညောင်ခါးရှည်) Grade-10(A) မှ မပန်းပွင့်ဖြူ ၏ မိဘအမည်မှန်မှာ ဦးသူရစိုး ၇/ဝမန(နိုင်)၀၇၉၀၂၂-ဒေါ်ဇင်မာ ၇/ဝမန(နိုင်)၁၄၀၅၈၀ ဖြစ်ပါကြောင်း။

**ဦးသူရစိုး-ဒေါ်ဇင်မာ**

# (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
# ကျေးဇူးရှင်ဖခင်ကြီး အလ်ဟာဂျ် ဟာဂျီ ဦးကာစင် (၉၃) နှစ်
# ကြက်လျှာစွန်းဒံပေါက်ဆိုင် (ပိုင်ရှင်)

(၁၃-၁၁-၂၀၂၃) တနင်္လာနေ့၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသော အပါကြီးအား နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ရှိပါကြောင်းနှင့် ပြုပြုသမျှသော ကောင်းမှုကုသိုလ်အစုစု တို့အား အလ္လာဟ်သျှင်မြတ်လက်ခံသဘောတူညီတော်မူပါ။ ဂျန္နသ်၏မြင့်မားသောအဆင့်အတန်း၌ ထားပေးသနားတော်မူပါ [ အာမီး(န်) ]

ကျန်ရစ်သူ သားသမီးနှင့် မြေး၊ မြစ်များ

SINCE 1947
ကြက်လျှာစွန်း
ဒံပေါက် နှင့် ဟင်းမျိုးစုံ

KYET SHAR SOON BIRYANI

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၂၉၇, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်)၀၁၁၈၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## အများပြည်သူသိရှိစေရန်ကြေညာချက်

SUHYUP MICROFINANCE MYANMAR CO., LTD တွင် တာဝန်ထမ်းဆောင်နေသော Mr. Lee Myung Seob(M00412310) သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် Managing Director ရာထူးမှ နုတ်ထွက်ပြီး Mr. Kim Hee Cheol (M27748688) သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှစ၍ Managing Director အဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ် ငကစ/ကက-၆ (၇၄/၂၀၁၅) အရငွေကြေးဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့်အသင်းသားများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**SUHYUP MICROFINANCE MYANMAR CO., LTD**

## မွေးသက္ကရာဇ်အမှန်

အမ်းမြို့နယ်၊ ကိုးကန်တန်းကျေးရွာနေ ဦးအောင်ကျော်လှ ၏ သမီး မမဲသာထွီး ၁၁/အမန(နိုင်)၁၀၄၂၁၅၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်အရ ၆-၅-၁၉၉၉ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့၊ ခိုပဲဝရပ်ကွက်နေ ဒေါ်ယဉ်ယဉ်ထွေး၏ အမည်မှန် မှာ ဒေါ်သင်းသင်းအောင် ၅/ဟမလ(နိုင်)၀၇၉၁၅၇ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၁၉၈၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

နမ့်စန်မြို့၊ ရပ်ကွက် (၄)နေ (ဘ) ဦးယူချန်၏သား မောင်ကွမ်းအောင် ၁၃/နစန(နိုင်)၀၇၄၂၄၀၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-655791) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၉၅၆၁၇၇၅၀၂

## ပတ်စ်ပို့ပျောက်

ဟိုပုံးမြို့၊ လုံပေါးရွာနေ (ဘ) ခွန်မောင်ပေါက်၏သား ခွန်သူရမိုး (၁၃/ဟပန(နိုင်)၁၁၃၁၂၉)၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-627286) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၆၁၇၇၅၀၂

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ နွယ်ကျိုးကျေးရွာနေ (ဘ) ဦးဆန်းအောင် ၏သား မောင်မျိုးဝင်းနိုင် ၈/ဆပဝ(နိုင်)၁၀၃၂၁၄၏ နိုင်ငံကူးလက်မှတ်အမှတ် MF 571687 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၆၆၆၄၀၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (F-7)၊ ဧရိယာ(၀.၁၁၃မ၁၁၃)ကေရှိ မြေအား အမှုတွဲအမှတ် ၇၈/၁၉၉၄-၁၉၉၅ အရ (၉-၃-၁၉၉၄)မှ(၈-၃-၂၀၂၄)ထိ ဦးစိန်ဝင်း အမည် ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးထွဋ်နိုင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာ ပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်( အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/23544, Yamaha ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းနော်အေး ၁၃/ဟပန(နိုင်) ၀၃၀၉၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၇၈၄၁၀, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဦး ၉/တကန(နိုင်)၁၇၂၉၈၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## စိုက်ပျိုးရေး မျိုးစေ့ ရောင်းဝယ်လုပ်ကိုင်နေသူများနှင့် အများပြည်သူသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကစံလမ်း၊ အမှတ် (၁၀၀) တွင် ဖွင့်လှစ်ထားသော TBL Limited (B.O.D)၏ လွှဲအပ်တောင်းဆိုချက်အရ စိုက်ပျိုးရေးမျိုးစေ့ ရောင်းဝယ်လုပ်ကိုင်နေသူများနှင့် အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

TBL Limited သည် DICA တွင် မှတ်ပုံတင်ထားရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမျိုးသားမျိုးစေ့ကော်မတီ၏ မှတ်ပုံတင်အမှတ် Bg 2018-807 ဖြင့် TBL-9 တီဘီအယ်-၉ မတ်ပဲမျိုးသန့်များကို The Seed Law နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသည့်ကုမ္ပဏီ ဖြစ်ပါသည်။

ယခုအခါ မျိုးစေ့ရောင်းဝယ်လုပ်ကိုင်သူများက TBL-9 ၏ တပြန်မျိုး (Grain) များကို TBL-9 မျိုးဟု ပြောဆို ကြေညာရောင်းချနေခြင်း၊ Online တွင် မသမာသူများက TBL-9 ကို ကျွန်ုပ်တို့၏ ကုမ္ပဏီမှ တစ်ဆင့် ရယူပြီး ရောင်းချခွင့်ရှိသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် ကြေညာပြီး ရိုးသားသော တောင်သူများထံမှ ငွေကြေးများ လိမ်လည်ရယူလျက်ရှိသည်ကို သိရှိရပါသည်။

သို့ဖြစ်ပါ၍ TBL-9 ၏ တပြန်မျိုး (Grain)များကို မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ စီးပွားရေးအလို့ငှာ ရောင်းဝယ်ခြင်းများနှင့် TBL အမည်ကို သုံးလျက် Online တွင် ခွင့်ပြုချက်မရှိဘဲ ကြေညာခြင်း၊ ရောင်းချခြင်းများကို မပြုလုပ်ကြပါရန် တားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်တောင်းဆိုချက်အရ-**
**ဦးထွန်းဝင်း H.G.P.,R.L, D.BL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၇၈)**
**အခန်း (၀၃)၊ တိုက် (၈)၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၂၅၂၅၆၅၃၃၇၊ ၀၉-၇၉၇၉၉၈၅၈၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ ဒေါ်တဲယိုင်စိန် ၁၁/စတန(နိုင်) ၀၁၆၂၇၉က စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၂)၊ နာဇီ အနောက်အကွက်ရှိ အလျား (၅၀)ပေ၊ အနံ (၃၀)ပေရှိ မြေနေရာအား လူနေအိမ် ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စစ်တွေမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၀-၂၀၂၃ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ စာ-၂၆ ပါ 39W/99774 အစား 34W/99774ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (၁) Grade-9မှ မောင်ခန့်ကိုဦး၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း အရ ဦးတိုးနိုင်ဦး ၉/တသန(နိုင်) ၁၅၄၉၅၅ ဖြစ်ပါကြောင်း။

**ဦးတိုးနိုင်ဦး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/90148,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၁၄/ဝခမ(နိုင်)၁၅၁၈၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/10838, Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်သူအောင် ၇/သကန(နိုင်)၁၀၃၅၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး

## ဒေါ်သင်းသင်းစီ အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကြာသပတေးလမ်းနေ ရွှေပန်းထိမ်ဆရာကြီး (ဦးမြင့်လှိုင်)၏ဇနီး၊ ခရမ်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဗုဒ္ဓဟူးလမ်းနေ (ဦးစိန်ကြောင်-ဒေါ်ရှုလွှမ်)၊ ရန်ကုန်မြို့နေ (ဦးကျော်စိုး)-ဒေါ်ခင်မြင့်တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးတင်စိုး)-ဒေါ်လှလှညွန့်၊ ခရမ်းမြို့၊ ကန်တော်လေးလမ်းနေ ဦးငွေလွင်-ဒေါ်သန်းနွဲ့၊ ရန်ကုန်မြို့နေ ဦးလှမြင့်-ဒေါ်တင်တင်ငွေ၊ ခရမ်းမြို့၊ (၄)ရပ်ကွက်၊ ကန်တော်လေးလမ်းနေ ဦးမြင့်ဇော်-ဒေါ်ခင်စန်းဝင်းတို့၏အစ်မ၊ ကိုမင်းဦးလှိုင်-မခင်မိုးဆင့်၊ ဒေါက်တာခင်မောင်နိုင်-မတင်ဇာမွန်လှိုင်၊ ကိုညီညီလှိုင်-မနုထွေးမြင့်၊ ကိုကျော်ကျော်လှိုင်-မဖွန့်သီမာထွန်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်သင်းသင်းစီ အသက်(၈၅)နှစ်သည် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)၊ ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကွယ်လွန်ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ကောင်းမွန်စွာသင်္ဂြိုဟ်မည်ဖြစ်ပါ၍ (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၃ရက်)၊ ၁၅-၁၂-၂၀၂၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကြာသပတေးလမ်းနေ (ဦးမြင့်လှိုင်-ဒေါ်သင်းသင်းစီ)တို့၏နေအိမ်သို့ ကြွရောက်၍ အသုဘကမ္မဋ္ဌာန်းစီးဖြန်းရင်း သုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသော လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်) ၁၉-၁၂-၂၀၂၃(အင်္ဂါနေ့)နံနက်၇နာရီအချိန် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ကျန်ရစ်သူမိသားစုမှ လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်ကွက်၊ (၈)လမ်း၊ A-အုပ်စု၊ အကွက်အမှတ် ၉/ကန်သာအနောက်တောင်၊ ဦးပိုင်အမှတ်(၈၃/၁၂၅)၊ မြေဧရိယာ(၀ဒသမ၀၆၀)ဧက၊ အလျား(၄၀) x အနံ(၆၀)ပေရှိ အိမ်ဝိုင်းမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအား လက်ဝယ်ထားရှိပိုင်ဆိုင်ပါ ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုထားသည့် ဦးထွန်းကြိုင် ၉/ရမသ(နိုင်)၀၅၈၀၁၈ နှင့် ဒေါ်သူဇာထွန်း ၉/ရမသ(နိုင်)၀၅၇၇၈၄ တို့ထံမှ ကျွန်တော် ဦးဝင်းမြင့် ၈/မလန(နိုင်)၀၂၃၄၈၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော် ဦးဝင်းမြင့်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် ၈/မလန(နိုင်) ၀၂၃၄၈၃**
**လက်ပံတံခါးကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၆၀၇၀၄၂၀၂**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု၊ ဒန့်ဒလွန်ကျေးရွာနေ (ဘ)ဦးကြည်ဝင်း၏ သား ကျွန်တော် မောင်အောင်သူရစိုး (၈/မသန(နိုင်)၁၃၅၀၉၂)၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ် (MG-527453)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၁၃၁၂၆၀၉**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု၊ ဒန့်ဒလွန်ကျေးရွာနေ (ဘ) ဦးဝင်းကြိုင်၏ သား ကျွန်တော် မောင်သူရိန်စိုး (၈/မသန(နိုင်)၁၇၁၂၃၂)၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MG-844967) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၈၂၀၂၀၆**

### နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကွင်းရပ်ကွက်၊ အပိုင်(၆)၊ ကျောက်မီးသွေးဈေးရုံလမ်း၊ အမှတ် (၂၃.B)နေ (ဘ) ဦးမြင့်ထွန်း၏သမီး မဇင်ပွင့်ဖြူ ၁၀/မလမ(နိုင်)၃၁၂၀၀၄၏ နိုင်ငံကူးလက်မှတ်အမှတ် MJ-193852သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၄၂၉၄၈၀၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်သာမြို့နယ်၊ ဖက်တောကျေးရွာအုပ်စု၊ ဖက်တောကျေးရွာနေ ဦးမျိုးမင်း ၉/တသန(နိုင်) ၀၉၆၂၄၃နှင့် ဒေါ်အေးအေးမွန် ၉/တသန(နိုင်) ၀၉၆၀၆၁ တို့၏ သားဖြစ်သူ မောင်ငြိမ်းမင်းဟိန်း ၉/တသန(နိုင်) ၂၃၅၉၅၅သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း ဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်း-ဒေါ်အေးအေးမွန်**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ အကွက်အမှတ် (၁၁/က၊ လွယ်ကန်မိန်း)၊ ဦးပိုင်အမှတ် (၄၁)၊ ဧရိယာ (၀.၁၀၃)ဧက၊ ဦးမရန်ခမ် အမည်ပေါက် အမှုတွဲအမှတ် ၁၀၀-၅/၁၉၇၂-၇၃(အေ)အား ဦးဖူကွယ်ချန်မှ ဝယ်ယူပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မြေငှားဂရန် ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ အကွက်အမှတ် (၁၁/ဃ၊ မန်ဆူဘုရားကုန်းရပ်)၊ ဦးပိုင်အမှတ် (၁၀၀/ခ)၊ ဧရိယာ (၀.၀၅၄)ဧက၊ ဒေါ်အေးဖိန်း အမည်ပေါက် အမှုတွဲအမှတ် ၈၃၃-၅/၁၉၉၆-၉၇(အေ)အား ဒေါ်လှကြည်မှ ဝယ်ယူပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ အမည်ပြောင်းထပ်မံအသစ်လျှောက် ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ ဦးဝေယံဖြိုး၊ ဒေါ်သန်းသန်းဦးတို့က စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ ပါဒလိပ်ချုပ်အရှေ့အကွက်၊ ဦးပိုင်အမှတ်(၁၁၈-ဆ)၊ ဧရိယာ(၀ဒသမ၀၂၇)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်သာလှထံမှ ဦးဝေယံဖြိုး၊ ဒေါ်သန်းသန်းဦးတို့က စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၁၁/၂၀၂၃ အရ ဘိုးဘပိုင်အိမ်ရာမြေနှင့် နေအိမ်အား အပြီးအပိုင်လွှဲပြောင်း ရောင်းချသည့်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းတို့အမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်တွေမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနေ ဦးမြင့်သိန်း(ခ)ဦးသိန်းကျော် ၅/ကလန(နိုင်)၀၁၅၃၂၀-ဒေါ်လှမြင့် ၅/ကလန(နိုင်)၀၁၅၃၁၉တို့၏ သား မောင်သောင်းနိုင် ၅/ကလန (နိုင်) ၀၅၇၅၂၇သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် သက်ဆိုင်သမျှကိစ္စအဝဝတို့ကို မိဘဖြစ်သူများမှ (လုံးဝ)လုံးဝ တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမြင့်သိန်း(ခ)ဦးသိန်းကျော်-ဒေါ်လှမြင့်**

## တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဦးမောင်မောင်ကြီး(ခ)ဦးမောင်ကြီးမှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏သားဖြစ်သူ ဦးမောင်မောင်မျိုး (ခ) ဦးမောင်မျိုး ၅/ဆလက(နိုင်) ၀၄၈၇၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ထုံးတောင်ကျေးရွာအုပ်စု၊ ထုံးတောင်ကျေးရွာနေ (ဘ) ဦးတင်ငွေ၏သား ကျွန်တော် မောင်ကျော်သူရ (၈/သရန(နိုင်) ၀၈၄၆၀၉)၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MC-702680) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၃၈၃၇၆၇၃**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ ရေစက်၊ မုခ်ဦး၊ တံတိုင်းအလှူရှင်

## ရွှေရင်ကျော် ဆရာကြီး(ဦးမြသန်း)
### အသက် (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ အမှတ် (၄၄၃)၊ မင်းရဲကျော်စွာလမ်းမကြီးနေ ဦးသောင်းဝေ-ဦးချစ်-ဒေါ်မကြီးတို့၏သား၊ ဦးစံဖေ-ဒေါ်နှင်းအေးတို့၏ သားသမက်၊ ဒေါ်ခင်မေကြူ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၂-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၂၃ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀၉

ဒေါ်စိုးစိုးလှိုင် **နှင့်** ဦးကျော်သိန်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၉၀-၂)၊ ဦးပိုင်အမှတ် (၁)ရပ်နေ (ဘ)ဦးစိန်ဝင်း၏သားဖြစ်သူ ဦးကျော်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စိုးစိုးလှိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၉၀-၂)၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်သိန်း အမည်ပေါက်ဂရန်မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်မှန်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ မိန်းကလေးကျောင်းလမ်း၊ အမှတ်(၁၂/A)နေ ဦးအောင်ကိုကိုသူ၏ သား အေခန့်ပိုင်၏ အမည်မှန်မှာ မောင်လျှံပြည့် ၁၀/မလမ(နိုင်)၂၉၁၅၃၇ ဖြစ်ပါကြောင်း။

**မောင်လျှံပြည့်**

### နိုင်ငံကူးလက်မှတ်အမှတ် ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့နယ်၊ ကော့ခမယ်ကျေးရွာအုပ်စု၊ မြန်မာတန်းရပ်နေ ဦးတင်မြင့်၏ သမီး မစိုးစိုးထွေး ၁၀/မလမ(နိုင်)၁၉၉၆၈၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၉၇၃၅၂၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၉၄၃/က)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ ဦးရဲမြင့် အမည်ပေါက် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သူစိုး ၁၂/ဒပန(နိုင်)၀၆၁၃၃၂ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးနိုင်ဝင်း ၇/ကဝန(နိုင်)၁၁၄၄၁၅ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)**
**အမှတ်(၇၀၅)၊ မာန်ပြေ(၁)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၈၉၇၁၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ် (၉၅၅)၊ မြေကွက်တည်နေရာ အမှတ်-၉၅၅၊ ပြည်ထောင်စုလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမြ) CE-050565 အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအမည်ပေါက် ဦးမြ(ခင်ပွန်း)ကွယ်လွန်၍ (ဇနီး) ဒေါ်တင်အေး (၁၂/လမန(နိုင်)၀၉၇၁၈၈)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း)ဦးမြ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဦးစီးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
### ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၀
### ကွယ်လွန်သူ ဦးအောင်ချိန်၌ ကျန်ရစ်သော ပစ္စည်းအကြောင်း

ဒေါ်ငြိမ်းခိုင်သန့် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ်(၁၃၈၈)နေ ဒေါ်ငြိမ်းခိုင်သန့်က ကွယ်လွန်သူ ဦးအောင်ချိန်၏ မြေးအရင်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ်(၁၃၈၈)နေ ၎င်းကွယ်လွန်သူ ဦးအောင်ချိန်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးအောင်ချိန်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ငြိမ်းခိုင်သန့်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၉

ဒေါ်ထွေးထွေးဝင်း(ခ)ဝီးစွန် **နှင့်** ဒေါ်လှမြိုင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၆)၊ ဦးပိုင်အမှတ်(၃)ရပ်နေ ဒေါ်လှမြိုင်(ဘ)ဦးကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်လှမြိုင် သင့်အပေါ်၌ တရားလို ဒေါ်ထွေးထွေးဝင်း(ခ)ဝီးစွန်က ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ် (၃)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက ရှိ ဒေါ်လှမြိုင် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာ ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရ က်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၅၊ ဦးပိုင်အမှတ်(၂၉)၊ ခဲစင်းမြောက်ဘက်ခြမ်း/၆၁ x ၆၀.B ကြား၊ စံပြနှင့်သခင်ဖိုးလှကြီးလမ်းကြားရှိ ဦးစိုးသိန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးထွန်းအောင်ကြည်က တရားပြိုင် ဦးစိုးသိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၈/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူဦးထွန်းအောင်ကြည် ၉/မရမ(နိုင်)၀၆၇၀၆၂ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ အကွက်အမှတ် (၂၃/လုံလော့ရပ်) ဦးပိုင်အမှတ် (၇၇)၊ ဧရိယာ (၀.၀၈၇)ဧက၊ ဒေါ်ချွေဖန်း အမည်ပေါက် အမှုတွဲအမှတ် ၃၀၂-၅/၂၀၁၁-၁၂(အေ)အား ဒေါ်ယောင်ကျီးလန်မှ ဝယ်ယူပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ အမည်ပြောင်းထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ အကွက်အမှတ် (၂၅/လုံလော့ရပ်)၊ ဦးပိုင်အမှတ် (၄၉+၅၀-ခ)၊ ဧရိယာ (၀.၁၇၃)ဧက၊ ဦးကျော်မြင့် အမည်ပေါက် အမှုတွဲအမှတ် ၈၁၀-၅/၁၉၉၈-၉၉(အေ)အား ဒေါ်အားချွေးမှ ဝယ်ယူပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ အမည်ပြောင်းထပ်မံအသစ်လျှောက် ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ လက်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

❖ **သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု" ဖြစ်သည့်အတွက် စနစ်တကျ ပြုစုထိန်းသိမ်းရန် အလွန်အရေးကြီး . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားမှ အမှာစကား ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကြောင့် အမှတ်(၆) အစုန်လူစီးအမြန်ရထားလမ်းချော်ကျမှုဖြစ်ပွားပြီး အခြားရထားများ ကြန့်ကြာမှုဖြစ်ပေါ်

နေပြည်တော် ဒီဇင်ဘာ ၁၃

ကျောက်တံခါးဘူတာမှ ထွက်ခွာလာသော အမှတ်(၆) အစုန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထားသည် ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြားသို့ ယနေ့နံနက် ၃ နာရီခွဲတွင် မိုင်တိုင်အမှတ်၊ ၁၀၄/၁-၁၀၃/၂၄ အရောက် တံတားအမှတ် (၁၄၆) နှင့် (၁၄၇) အနီးတို့၌ ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့၏ မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် ရထားသံလမ်းပြတ်တောက်ပျက်စီးနေ၍ ရထားစက်ခေါင်းနှင့်အတူ လူစီးတွဲသုံးတွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ရထားလမ်းချော်ကျမှုကြောင့် ကျောက်တံခါး-ပိန်းဇလုပ်အကြား ရထားလမ်းပိုင်းအား နံနက် ၄ နာရီတွင် ခေတ္တပိတ်ထားခဲ့ရသည့်အတွက်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖




ကျောက်တံခါး-ပိန်းဇလုပ်ဘူတာအကြား တံတားအမှတ်(၁၄၇) ရန်ကုန်ဘက်အထွက်တွင် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆)အစုန် အမြန်ရထား တိမ်းစောင်းမှုဖြစ်ပွားစဉ်။

# ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်၊ ဘိုင်ယန်မြူးနစ်ကို မန်ယူအသင်း ရှုံးနိမ့်



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စု နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် (ဝဲပုံ) ဘိုင်ယန်မြူးနစ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ခြောက်ပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲလေးပွဲနှင့်အတူ ရမှတ် ၄ မှတ်ဖြင့်

*စာမျက်နှာ ၁၃ ကော်လံ ၅* ❐

## ယနေ့ သတင်းအညွှန်း

**စက်သုံးဆီအရောင်းဆိုင်အများစုတွင် ဆီတန်းစီဝယ်ယူသူအရေအတွက်မှာ သိသိသာသာ လျော့ပါးသွားပြီ** စာမျက်နှာ ၂

**မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကျင်းပ** စာမျက်နှာ ၉

**တရုတ်နှင့် ဗီယက်နမ်ခေါင်းဆောင်များ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး သဘောတူ** စာမျက်နှာ ၁၃